# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၁၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၁

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အနော်ရထာလမ်းရှိ အဆိုပါဆေးရုံကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာ ဘရွှေ


*စာမျက်နှာ ၃ ကော်လံ ၁* ❐


❖ နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေး မည်မျှပင်စီမံဆောင်ရွက်ပေးနေသည်ဖြစ်စေ ပြည်သူများအနေဖြင့် ၎င်းအခွင့်အရေးကို ခံစားနိုင်ရန် အနှောင့်အယှက်များ၊ အခက်အခဲများရှိနေမည်ဆိုပါက အကျိုးရှိနိုင်မည်မဟုတ်၊ သက်ဆိုင်သူများအားလုံး တိုင်းပြည်နှင့်ပြည်သူကို ကောင်းစေလိုသည်ဆိုပါက စဉ်းစားဆင်ခြင်ဆောင်ရွက်ကြရန်လို

## ယနေ့ မာတိကာ


တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ထုတ်ပြန် — ပြည်တွင်းသတင်း စာ ၂

ဂျပန်နိုင်ငံ၌ လျှင်ဒဏ်သင့်ကယ်ဆယ်ရေးစခန်းများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားနေ — နိုင်ငံတကာသတင်း စာ ၁၃

ငြိမ်းချမ်းစွာ ပဋိပက္ခ ဖြေရှင်းရေး — ဆောင်းပါး စာ ၁၆

လေးရက်တိုင် ကျင်းပမည့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ (၁၁၈)နှစ်ပြည့် ပွဲတော်တွင် လာရောက်သူ ပိုမိုများပြားစေရန် လူငယ်အကြိုက် အစီအစဉ်များကို ပိုမိုထည့်သွင်းထား — ပြည်တွင်းသတင်း စာ ၂၀

မြန်မာ့အလင်း

# ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

မြန်မာနိုင်ငံတွင် ပြည်သူတို့၏ မျှော်မှန်းသက်တမ်းမှာ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ အမျိုးသား ၆၃ ဒသမ ၄ နှစ်၊ အမျိုးသမီး ၇၂ ဒသမ ၂ နှစ်ဖြစ်ပြီး ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၇ နှစ်ဖြစ်သည်။ ယင်းအခြေအနေသည် အရှေ့တောင်အာရှနိုင်ငံများတွင် အနိမ့်ဆုံးအခြေအနေဖြစ်သည့်အလျောက် ပြည်သူများ၏ မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာစေရန် အခြေခံကျန်းမာရေးကောင်းမွန်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ကြရေး၊ ရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြင့်မားလာစေရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

ယခုနှစ် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ဗိုဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)တွင် ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံ၏ ဦးတည်ချက်ခေါင်းစဉ် (Theme) မှာ "ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့် ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့ - Enhancing Research Integrity and Research Ethics" ဖြစ်သည်ဟု သိရသည်။ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံများကို ကျင်းပခြင်းအားဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ကာကွယ်ရေးနှင့်ကုသရေးဆိုင်ရာ ပညာရပ်များ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့် သက်ဆိုင်ရာ ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးပြီး အသိပညာဖလှယ်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၁၉၆၅ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ညီလာခံကျင်းပသည့် အစောပိုင်းနှစ်များတွင် သုတေသနစာတမ်းများ တင်သွင်းဖတ်ကြား ဆွေးနွေးခြင်းကိုသာ ဆောင်ရွက်ခဲ့သော်လည်း ၁၉၉၁ ခုနှစ်မှစ၍ သုတေသနပိုစတာပြပွဲ၊ ၂၀၀၂ ခုနှစ်မှစ၍ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium)တို့ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းပါဝင်လာခဲ့သလို ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆု၊ အကောင်းဆုံးပိုစတာဆုများ၊ ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုများ ချီးမြှင့်၍ သုတေသနအရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရန် အပြိုင်အဆိုင်ကြိုးပမ်းလာကြစေရေး၊ မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး ဂုဏ်ပြုအားပေးခဲ့သည်။ အကြိမ်ပေါင်း ၅၀ ကျော်ကျင်းပခဲ့ပြီးဖြစ်သည့် ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးများမှ ထွက်ပေါ်လာသည့် သုတေသနစာတမ်းများ၊ သုတေသနပိုစတာများနှင့် Symposium များက နိုင်ငံတော်နှင့် ပြည်သူများအတွက် များစွာအကျိုးပြုနိုင်ခဲ့သည်။

ယခုကျင်းပမည့် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် အခြေခံသုတေသနစာတမ်း (Basic Research) ၂၃ စောင်၊ အသုံးချသုတေသနစာတမ်း (Applied Research) ၂၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း (Health Systems Research) ၁၃ စောင်နှင့် သုတေသနပိုစတာ ၅၁ စောင်တို့ကို တင်သွင်း၊ ဖတ်ကြား၊ ပြသသွားမည်ဖြစ်ပြီး ဆေးဝါးသစ်များ ဖော်ထုတ်ရေး၊ ကူးစက်ကပ်ရောဂါများအတွက် ကြိုတင်ပြင်ဆင်ရေး၊ မကူးစက်နိုင်သည့် ရောဂါများ ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေး စသည်တို့ အပါအဝင် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည့် အကျိုးရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉) ရပ်အနက် လူမှုရေးဦးတည်ချက်တစ်ခုဖြစ်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ကို အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးသုတေသနလုပ်ငန်းများဖြင့် မြန်မာပြည်သူများ၏ မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာစေရန် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပါစေကြောင်း။ ။




## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ထုတ်ပြန်

နေပြည်တော် ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီ လ ၂၂ ရက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး" ဟူသည့် ဆောင်ပုဒ်ဖြင့် တတိယအကြိမ်မြောက် "တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)" ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်း ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် နှစ်စဉ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ "တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)" ၏ ၂၀၂၄ ခုနှစ်အတွက် ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) တွင် တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်ဖြစ်သည့် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကိုမြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကိုတိုးမြှင့်ဆောင်ရွက်ရန်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များသတ်မှတ်၍ နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိပါသည်။

သို့ဖြစ်ရာ၂၀၂၃ ခုနှစ်တွင် ဦးစားပေးအဆင့် (၁) အစီအစဉ်များကို ထည့်သွင်းအကောင်အထည်ဖော်ခဲ့ပြီး၊ ယခု ၂၀၂၄ ခုနှစ်တွင် ယခင်နှစ်များက မပြီးပြတ်သေးသောလုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံဆောင်ရွက်ရန် ကိစ္စများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ ၂၀၂၄ ဒုတိယနှစ်လုပ်ငန်းအစီအစဉ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာ www.unionsupremecourt.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၅၂၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။


ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက် အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၂၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁-၂၀၂၄ ကျပ်/လီတာ



ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
| --- | --- | --- |
| 92 Ron | ၂၄၆၆ | ၂၅၄၈ |
| 95 Ron | ၂၅၉၄ | ၂၆၇၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၇၆ | ၂၄၅၃ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❐ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဆေးပညာရှင်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြပြီး ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းဖွားအကတို့ဖြင့် တီးမှုတ်ကြိုဆိုကြသည်။ ယင်းနောက် အခမ်းအနားအစီအစဉ် ပထမပိုင်းအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းဖွားအကတို့ဖြင့် တီးမှုတ်ဂုဏ်ပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တီးမှုတ်ဂုဏ်ပြုပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်အတွင်းရှိ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန၊ ဓာတ်ခွဲခန်းများ၊ သွေးရောဂါကုသဆောင်များနှင့် ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုကြရာ ဌာနအလိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

**နိုင်ငံ့တာဝန်ကို ထမ်းဆောင်**

ဆက်လက်၍ (၇)ထပ်ကုသဆောင်သစ်၊ အစည်းအဝေးခန်းမ၌ အခမ်းအနားအစီအစဉ် တတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ပညာအရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ကျန်းမာရေးသည် အခြေခံကျလှပါကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ကြမည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍအတွက် မူဝါဒများချမှတ်ကာ **“တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး”** ကို ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

**မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ပြီး ကျေးလက်ကျန်းမာရေးဌာနများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ မကွေးမြို့ပြည်သူ့ဆေးရုံကြီး၊ မုံရွာမြို့ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းပြည်သူ့ဆေးရုံကြီးစသည့် တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးတွင် ရှိသည့် ဆေးရုံကြီးများတွင် ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ ဝေဘာဂီအထူးကုဆေးရုံကြီး၊ အရိုးရောဂါ အထူးကုဆေးရုံကြီး(ရန်ကုန်)တို့တွင် တိုးချဲ့ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ ခုတင်(၅၀) ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံများတွင် (၂)ထပ် ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ ဆေးတက္ကသိုလ်နှင့် သူနာပြုတက္ကသိုလ်တို့အတွက် သင်ကြားရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဌာနခွဲများ ဖွင့်လှစ်ပေးခြင်း စသည်တို့ကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေး မည်မျှပင်စီမံဆောင်ရွက်ပေးနေသည်ဖြစ်စေ ပြည်သူများအနေဖြင့် ၎င်းအခွင့်အရေးကို ခံစားနိုင်ရန် အနှောင့်အယှက်များ၊ အခက်အခဲများ ရှိနေမည်ဆိုပါက အကျိုးရှိနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်သူများအားလုံး တိုင်းပြည်နှင့် ပြည်သူကို ကောင်းစေလိုသည်ဆိုပါက စဉ်းစားဆင်ခြင်ဆောင်ရွက်ကြရန်လိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်အတွင်းရှိ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန၊ ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**အဓိကကျသည့် ဆေးရုံကြီးလည်းဖြစ်**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် တည်ရှိပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးဆေးရုံကြီးဖြစ်သောကြောင့် တစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများ အားကိုးအားထားပြုရပြီး ဆေးပညာသင်ကြားရေးအတွက်လည်း ခေတ်အဆက်ဆက် အဓိကကျသည့် ဆေးရုံကြီးလည်းဖြစ်ပါကြောင်း။

ဆေးရုံကြီး၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၈၇၃ ခုနှစ်ကတည်းက (၄၈၃)ခုတင်နှင့် တည်ဆောက်ခဲ့ပြီး ခေတ်အဆက်ဆက်တွင် ခုတင်များ တိုးမြှင့်လာခဲ့သည်မှာ ၂၀၁၆ ခုနှစ်တွင် ခုတင် (၂၀၀၀) ဆံ့ဆေးရုံအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူများစွာကို အကျိုးပြုနေသည့် ဆေးရုံကြီးလည်းဖြစ်ပါကြောင်း၊ ယနေ့အသစ် ဖွင့်လှစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ဆောင်အသစ်ကြီး ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ခုတင်(၂၀၀၀) ဆံ့ရှိသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တိုးတက်များပြားလာသည့် လူနာများ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ဆေးကုသမှုကို ပြည်သူများ ရရှိခံစားနိုင်စေရန်အတွက် ထပ်မံဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်းကို အသိပေးပြောကြားလိုပါကြောင်း။

**ကုသမှုများကို ပိုမိုရရှိနိုင်တော့မည်**

ယခု(၇)ထပ်ဆေးကုသဆောင်သစ်ကြီးကို ၂၀၁၅ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း ပြည်သူများအကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန် ရည်ရွယ်ပြီး ဆေးရုံဆောက်လုပ်ခြင်းကို ပြီးစီးအောင် တစိုက်မတ်မတ် ဆက်လက်တည်ဆောက်ပေးသည့်အတွက် ယနေ့တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ **အခက်အခဲအမျိုးမျိုးဖြင့် ကြန့်ကြာနေသည့်(၇)ထပ်ဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြသည့် ဌာနအသီးသီးက**

*စာမျက်နှာ ၅ သို့*

**❁ အခက်အခဲအမျိုးမျိုးဖြင့် ကြန့်ကြာနေသည့်(၇)ထပ်ဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြသည့် ဌာနအသီးသီးက တာဝန်ရှိသူများကိုလည်း ချီးကျူးဂုဏ်ပြု**

*စာမျက်နှာ ၄ မှ*

**တာဝန်ရှိသူများကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊** ယခုကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ တည်ဆောက်ထားသည့် (၇)ထပ်ကုသဆောင်သစ်ကြီးအတွင်း၌ နိုင်ငံတကာအဆင့်မီ ဆေးကုသမှုခံစားရရှိနိုင်ရန် အဆင့်မြင့်ရောဂါ ရှာဖွေကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းထားသည့် ခွဲစိတ်ခန်းများ၊ ပုံရိပ်ဖော်နည်းပညာဆိုင်ရာ ခတ်မှန်ဌာန၊ သွေးရောဂါလူနာဌာန၊ ရိုးတွင်းချဥ်ဆီ လဲလှယ်ကုသဌာနတို့ပါဝင်ပြီး ပြည်သူများအနေဖြင့် နိုင်ငံတကာစံနှုန်းနှင့်အညီ နည်းပညာအဆင့်မြင့်မားသည့် ကုသမှုများကို ပိုမိုရရှိနိုင်တော့မည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ပေး**

ပြည်သူများ၏ မျှော်မှန်းလူ့သက်တမ်း မြင့်မားလာစေရေးနှင့် ပြည်သူများတစ်ဦးချင်းစီက စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ်သက်သက်သာသာနှင့် အားလုံး လက်လှမ်းမီအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးတို့အတွက် **ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဝန်ထမ်းအသီးသီး၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့က ကောင်းမြတ်သည့်စေတနာ၊ မွန်မြတ်သည့်စိတ်ထား၊ ပြည့်ဝသည့်မေတ္တာတရား၊ အကြင်နာများနှင့် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းပြောကြားလို**ကြောင်း ပြောကြားသည်။

ယင်းနောက် (၇) ထပ် ကုသဆောင်သစ်နှင့် ပတ်သက်သည့် Video Clip ကို ဖွင့်လှစ်ပြသသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ်ကုသဆောင်သစ်အတွင်းရှိ ခတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန၊ ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။

**အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

အခမ်းအနားများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၇)ထပ် ကုသဆောင်သစ် ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုလက်ဖက်ရည်ကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သပြေကုန်းဘိုးဘွားရိပ်သာ၌ ဇမ္ဗူရတနာဓမ္မာရုံတော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**ပဲခူး ဇန်နဝါရီ ၂၁**

ပဲခူးမြို့ မဇင်းရပ်ကွက် သပြေကုန်းဘိုးဘွားရိပ်သာ၌ ဇမ္ဗူရတနာဓမ္မာရုံတော်ကြီး ရေစက်ချ အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်က ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ သပြေကုန်း ဘိုးဘွားရိပ်သာမှ အဘိုး ဦးတင်မောင်မြင့်၊ အဘွား ဒေါ်ဌေးဌေးမြင့်တို့က ဇမ္ဗူရတနာဓမ္မာရုံတော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်တို့က မဟာကလျာဏီသိမ်တော်ကြီးစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကဝိန္ဒာဘိဝံသ အရှင်မြတ်ထံမှငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးတို့က သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းခဲ့ကြရာ ပဲခူးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဝင် သပြေကုန်း ဘိုးဘွားရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမုနိန္ဒထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့က သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြပြီး သပြေကုန်း ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နေ့စာ အလှူ၊ အာဟာရဖြည့်စွက်စာနှင့် အလှူငွေများ လှူဒါန်းခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှု၊ မတည်လှူဒါန်းမှုတို့နှင့်အတူ ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ စေတနာရှင်သူများ၏ ထည့်ဝင်လှူဒါန်းမှုတို့ဖြင့် သပြေကုန်း ဘိုးဘွားရိပ်သာရှိ ဓမ္မာရုံ၊ စားရိပ်သာဆောင်၊ အဘိုး/အဘွား အိပ်ဆောင်များ၊ ခုတင်များအား ငွေကျပ် ၁၄၂၀၇၄၀၀၀ အကုန်အကျခံကာ အကြီးစားပြင်ဆင် တိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်အတွင်း ဆောင်းဆီထွက်သီးနှံများ လျာထားကေထက်ကျော်လွန်စိုက်ပျိုးနိုင်

**လယ်ဝေး ဇန်နဝါရီ ၂၁**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း ဒေသတွင်း ဆီဖူလုံရေးအတွက် ဆောင်းဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ဆီထွက်သီးနှံနေကြာ ၃၈၂ ဧက၊ မြေပဲ ၃၆၉ ဧက၊ နှမ်း ၃၄၉ ဧက စုစုပေါင်းဆောင်းသီးနှံ ၁၁၀၄ ဧကကို လျာထားစိုက်ဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တောင်သူများ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးတတ်စေရေး၊ စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစုသဘာဝမြေဩဇာ သုံးစွဲရေးနည်းလမ်းများနှင့် ပိုးမွှားရောဂါကျရောက်မှုကို စနစ်တကျကာကွယ်တတ်စေရန်၊ အရင်းအနှီးသွင်းအားစု ဈေးကွက်ခိုင်မာမှုရှိစေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများက ကွင်းဆင်းပြီး ဆွေးနွေး ပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်နိုင်က ပြောသည်။

**သူဇာလှိုင်**





## တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ပဲခူး ဇန်နဝါရီ ၂၁**

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ ဟံသာဝတီယူနိုက်တက် ဘောလုံးအားကစားကွင်း၌ ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။ **(ဝဲပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသစ္စာခံဌာန် (၄)ချက် ရွတ်ဆို၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အထက(၃) ကိုယ်စားပြု ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့အား ချီးမြှင့်ငွေကျပ်သုံးသိန်းကို ချီးမြှင့်ပေးအပ်ပြီး နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုမှ ဘောလုံးအသင်း ခြောက်သင်း ပါဝင်ပြီး အုပ်စုနှစ်အုပ်စုခွဲ၍ ဇန်နဝါရီ ၂၀ ရက်မှ ၃၀ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ထက်**

❑ *ကျောဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူနည်းပြများနှင့် အားကစားမောင်မယ် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့်တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲကို နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ အားကစားအဆင့်အတန်းကို မြှင့်တင်နိုင်စေရန်၊ တက္ကသိုလ် ကိုယ်စားပြု အားကစားလက်ရွေးစင်များမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်၊ ကျောင်းသားကျောင်းသူများအတွက် ပညာရေးကဏ္ဍသာမက ကိုယ်ကာယကြံ့ခိုင်မှု၊ ကျန်းမာသန်စွမ်းမှု၊ အချင်းချင်း စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုစသည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်စေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် အရည်အချင်းပြည့်ဝသည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ဆိုသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ (၂၀၂၃-၂၀၂၄) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**ဒေသအလိုက် ကိုက်ညီသည့် ဘာသာရပ်များကို တိုးချဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိ**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာသန်စွမ်းကြံ့ခိုင်ပြီး အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူငယ်လူရွယ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ များစွာရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေ အဓိကလိုအပ်သည့် အချက်မှာ အင်ဂျင်နီယာ ပညာရပ်များနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ပညာရပ်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်ဂျင်နီယာပညာရပ်များနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ပညာရပ်များကို နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိပြီး ဒေသအလိုက် လိုအပ်ချက်နှင့် ကိုက်ညီသည့် ဘာသာရပ်များကိုလည်း တိုးချဲ့ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါကြောင်း။

ယခုဆိုလျှင် နေပြည်တော်နည်းပညာတက္ကသိုလ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးရေး အင်ဂျင်နီယာဘာသာရပ်ကိုလည်း တိုးချဲ့သင်ကြားပေးလျက်ရှိပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အနေဖြင့် အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများ၊ ကွန်ပျူတာ ပညာရှင်များနှင့် ဗိသုကာပညာရှင်များ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ဦးတည် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာ ပညာရပ်ဆိုင်ရာ နယ်ပယ်များတွင် ကျောင်းသား ကျောင်းသူများ၏ အသက်မွေးဝမ်းကျောင်းမှု မြှင့်တင်နိုင်ရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်သည့် အရည်အချင်းနှင့် အရေအတွက် ပြည့်မီစေရန်အတွက် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့ကို ပေါင်းစပ်ပြီး ပိုလီတက္ကနစ်တက္ကသိုလ်အဖြစ် ဘက်ပေါင်းစုံကနေ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

**တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပ**

ယင်းတက္ကသိုလ်များမှ ပညာရည်ထူးချွန်ထက်မြက်ရုံသာမက စိတ်ဓာတ်အရည်အသွေးပြည့်မီပြီး အင်ဂျင်နီယာကျင့်ဝတ်၊ ပညာရှင်ကျင့်ဝတ်များကို လေးစားလိုက်နာပြီး နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် (၃) ရပ်နှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစွမ်းအားစုများဖြစ်သည့် လူငယ်များကို ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုမြှင့်တင်နိုင်ရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များအဖြစ် ပြုစုပျိုးထောင်နိုင်ရေးတို့အတွက် ယခုကဲ့သို့ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ကျင်းပပေးရခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အားကစားပြိုင်ပွဲများ ကျင်းပပေးနေသည့်အပြင် တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ အားလပ်ချိန်၌ ကိုယ်လက်ကြံ့ခိုင်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးနှင့် စိတ်လက်အပန်းဖြေအနားယူစဉ် မိမိဝါသနာပါသည့် အားကစားနည်းများကို လေ့ကျင့်ကစားစေနိုင်ရန်အတွက် ဘောလုံးကွင်းများ၊ မိုးလုံလေလုံအားကစားရုံများ၊ အားကစားနည်းအလိုက် လိုအပ်သည့် အားကစားကွင်းများ၊ အားကစား အသုံးအဆောင်ပစ္စည်းများကို နှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နှစ်စဉ် တက္ကသိုလ်တွင်း အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိပါကြောင်း၊ အားကစား သမိုင်းကြောင်းတွင်လည်း အင်ဂျင်နီယာတက္ကသိုလ် ကျောင်းသားအားကစားသမားများသည် တက္ကသိုလ်လက်ရွေးစင်အဆင့်မှ နိုင်ငံ့လက်ရွေးစင်အားကစားသမားအဆင့်ထိ ထူးချွန်ခဲ့ကြသည့် အစဉ်အလာကောင်းများ ရှိခဲ့သည်ကိုလည်း တွေ့ရပါကြောင်း။

**ဝန်ကြီးဌာနအဆင့် ပြိုင်ပွဲများ တိုးချဲ့ကျင်းပပေးနိုင်ခဲ့**

ဘဝတွင် ကျန်းမာရေးသည် "အာရောဂျံ ပရမံလာဘံ" ဆိုသည့်အတိုင်း ကျန်းမာရေးသည် လာဘ်တစ်ပါးဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲက အားကစားရာသီတွင်သာ အားကစားလှုပ်ရှားမှုများကို ဆောင်ရွက်ရမည်မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်း ဥတု (၃)ပါးလုံး ဆောင်ရွက်ရန်နှင့် အားကစားလှုပ်ရှားမှု အရှိန်ကို ရာသီအားလုံးတွင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် လူငယ်များ၊ ကျောင်းသားကျောင်းသူများအနေဖြင့် ကိုယ်လက်လှုပ်ရှားအားကစားတစ်ခုခုကို အစဉ်လေ့ကျင့်နေခြင်းဖြင့် ကျန်းမာကြံ့ခိုင်သည့် လူငယ်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့်လည်း ယခင်နှစ်များက ဝန်ကြီးဌာနအဆင့် ဘောလုံးအားကစား ပြိုင်ပွဲတစ်ခုတည်းသာ ကျင်းပပေးနိုင်ခဲ့ရာမှ ယခုပညာသင်နှစ်တွင် ဝန်ကြီးဌာနအဆင့် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ် ပြိုင်ပွဲများကိုပါ ထပ်မံ တိုးချဲ့ကျင်းပပေးနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါကြောင်း။

(၂၀၂၃ - ၂၀၂၄) ပညာသင်နှစ်တွင် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ယနေ့မှစ၍ ၁၃ ရက်တာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တက္ကသိုလ်များတည်ရှိရာ ဒေသအလိုက် ဖွဲ့စည်းထားသည့် အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရည်ရွယ်ချက်များအတိုင်း အကျိုးထိရောက်မှုရှိမည့် ပြိုင်ပွဲများဖြစ်မည်ဟု မျှော်လင့်မိပါကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲများမှတစ်ဆင့် မြန်မာနိုင်ငံအတွက် ထူးချွန်ပြောင်မြောက်သည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများ မလွဲမသွေ ပေါ်ထွက်လာမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ ယခုအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်များက အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့်

*စာမျက်နှာ ၇ သို့*

- **ယခုဆိုလျှင် နေပြည်တော်နည်းပညာတက္ကသိုလ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်ကိုလည်း တိုးချဲ့သင်ကြားပေးလျက်ရှိပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများ၊ ကွန်ပျူတာပညာရှင်များနှင့် ဗိသုကာပညာရှင်များ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိ**
- **ထို့ပြင် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာပညာရပ်ဆိုင်ရာ နယ်ပယ်များတွင် ကျောင်းသား ကျောင်းသူများ၏ အသက်မွေးဝမ်းကျောင်းမှု မြှင့်တင်နိုင်ရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်သည့် အရည်အချင်းနှင့် အရေအတွက် ပြည့်မီစေရန်အတွက် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့ကို ပေါင်းစပ်ပြီး ပိုလီတက္ကနစ်တက္ကသိုလ်အဖြစ် ဘက်ပေါင်းစုံကနေ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိ**

**“ အားကစားပြိုင်ပွဲများ ကျင်းပပေးနေသည့်အပြင် တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ အားလပ်ချိန်၌ ကိုယ်လက်ကြံ့ခိုင်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးနှင့် စိတ်လက်အပန်းဖြေအနားယူစဉ် မိမိဝါသနာပါသည့် အားကစားနည်းများကို လေ့ကျင့်ကစားစေနိုင်ရန်အတွက် ဘောလုံးကွင်းများ၊ မိုးလုံလေလုံအားကစားရုံများ၊ အားကစားနည်းအလိုက်လိုအပ်သည့် အားကစားကွင်းများ အားကစားအသုံးအဆောင်ပစ္စည်းများကို နှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နှစ်စဉ်တက္ကသိုလ်တွင်း အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိ၊ အားကစားသမိုင်းကြောင်းတွင်လည်း အင်ဂျင်နီယာတက္ကသိုလ်ကျောင်းသားအားကစားသမားများသည် တက္ကသိုလ်လက်ရွေးစင်အဆင့်မှ နိုင်ငံ့လက်ရွေးစင်အားကစားသမားအဆင့်ထိ ထူးချွန်ခဲ့ကြသည့် အစဉ်အလာကောင်းများ ရှိခဲ့သည်ကိုလည်းတွေ့ရ ”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

*စာမျက်နှာ ၆ မှ*

အားကစားသမားများ စုစုပေါင်း ၄၃၇ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဟု သိရသည့်အတွက် ဝမ်းသာအားရမိပါကြောင်း၊ ဝန်ကြီးဌာနဂုဏ်နှင့် မိမိတို့တက္ကသိုလ်၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားသမားများနှင့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများ မလွဲမသွေပေါ်ထွက်လာမည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

**တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်လှစ်**

စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သော၊ ကျန်းမာကြံ့ခိုင်သော၊ ကျင့်ဝတ်လေးစားလိုက်နာသော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်စေရန်နှင့် နိုင်ငံ့အကျိုးသယ်ပိုးမည့် အနာဂတ်၏ သားကောင်းရတနာများ ဖြစ်စေရန်အတွက် ကြိုးစားကျင့်ကြံသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်သည့်အခါတွင်လည်း စည်းကမ်းရှိရှိ၊ နည်းစနစ်ကျကျ၊ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့၏ စွမ်းအားကုန် ရေကုန်ရေခန်းကြိုးပမ်းအားထုတ်ယှဉ်ပြိုင်ကြ၍ မိမိတို့တက္ကသိုလ်အတွက် ဆုတံဆိပ်အသီးသီးကိုလည်း ဆွတ်ခူးရရှိပြီး နိုင်ငံ့လက်ရွေးစင်အားကစားသမားများအဖြစ် အောင်မြင်မှုများရရှိနိုင်ကြပါစေကြောင်း ပြောကြားပြီး “နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ (၂၀၂၃-၂၀၂၄) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ အထိမ်းအမှတ်အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ပြီး အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ (၂၀၂၃-၂၀၂၄) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ မျိုးဆက်သစ်အားကစားသမားများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများ၊ အေရိုးဗစ်အက၊ Zumba အက၊ ဝူရှူးနှင့် တိုက်ကွမ်ဒိုအားကစားနည်းတို့ဖြင့် သီဆိုသရုပ်ပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ (၂၀၂၃ - ၂၀၂၄) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ အားကစားနည်းများအလိုက် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများနှင့် လေ့ကျင့်ရေးဘောလုံးကွင်းများ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# EV ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကော်မတီက ၂၀၅၀ ပြည့်နှစ်အထိ မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle၊ EV) သုံးစွဲသည့် ပြည်သူများအတွက် နည်းပညာ ပြန့်ပွားရေးဆိုင်ရာ အသိပညာပေးမှုများကို ဆက်စပ်ဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်းမြှင့်တင် ဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့်အတူ ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ် (ဘယ်လင်း) တွင်ကျင်းပသည့် EV အန္တရာယ်ကင်းရှင်းရေး အသိပညာပေးနှင့် နည်းပညာပြန့်ပွားရေး ဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ ဒုတိယဝန်ကြီးက ကမ္ဘာကြီး ရေရှည်တည်တံ့မှုကို စိန်ခေါ်မှုများ တွေ့ကြုံလာရပြီဖြစ်ရာ နိုင်ငံတကာတွင် လေထုလွှာအတွင်းသို့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် ပါရီသဘောတူညီချက်ဖြင့် ၂၀၅၀ ပြည့်နှစ်၌ ကာဗွန်ထုတ်လွှတ်မှုကင်းစင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အခြားနိုင်ငံများနည်းတူ EV ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကော်မတီက ၂၀၅၀ ပြည့်နှစ်အထိ မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

EV နည်းပညာသင်တန်းများကို အရည်အသွေး ပြည့်မီစွာ ဖွင့်လှစ်ကာ ကျွမ်းကျင်သူများကို မွေးထုတ်လျက်ရှိပြီး တက္ကသိုလ်/သိပ္ပံများတွင်လည်း လေ့ကျင့်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်နေကာ EV သုတေသနများလည်း ဆောင်ရွက်နေကြောင်း၊ လျှပ်စစ်သုံးယာဉ် ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒ (မူကြမ်း) ကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း၊ EV သုံးစွဲမှုမှ ရရှိမည့်အကျိုးကျေးဇူးများနှင့် သုံးစွဲသူများက ဘေးအန္တရာယ်ကင်းရှင်းစွာ သတ်မှတ်စံနှုန်း၊ ညွှန်ကြားချက်များနှင့်အညီ အသုံးပြုနိုင်ရေး အသိပညာပေးရန် လိုအပ်ရာ ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍ EV ဆိုင်ရာ အသိပညာပေးနှင့် နည်းပညာပြန့်ပွားရေး အစီအစဉ်များကို ထိရောက်ပီပြင်စွာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာ ဝန်ကြီးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ကို ဒေသထွက် လက်ဆောင် ပေးအပ်သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီးတို့သည် ဟောပြောပို့ချသူများကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြပြီး တက်ရောက်လာသူများကိုရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ EV နည်းပညာဆိုင်ရာ ခင်းကျင်းပြသထားမှုများတွင် စိတ်ပါဝင်စားစွာ လေ့လာလျက်ရှိသော ပြည်သူများ၊ ကျောင်းသားများကို ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ AGTI Society နှင့် GTHS Society မှ တာဝန်ရှိသူများ၊ Electric Vehicle တင်သွင်း/အသုံးပြုသော ကုမ္ပဏီများ၊ Electric Vehicle Charging Station တည်ဆောက်နေသော ကုမ္ပဏီများ၊ Electric Vehicle ဆိုင်ရာ အာမခံကုမ္ပဏီများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကားပြင်အလုပ်ရုံကြီးများမှ ကိုယ်စားလှယ်ကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၏ အိမ်ရှင် ယူဂန်ဒါသမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီ ၁၉ ရက်၊ ၂၀ ရက်များတွင် ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရန်ဗိုရီ ကွန်ဗင်းရှင်းစင်တာ၌ ဇန်နဝါရီ ၁၉ ရက်တွင် ကျင်းပခဲ့ရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိဥက္ကဋ္ဌ အဇာဘိုင်ဂျန် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Jeyhun Bayramov က ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားခဲ့သည်။

ထို့နောက် ယူဂန်ဒါသမ္မတ Mr. Yoweri Kaguta Museveni အား ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင်နိုင်ငံများအားလုံးက တစ်ခဲနက်ရွေးကောက် တင်မြှောက်ခဲ့ကြပြီး၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌတာဝန်အား အဇာဘိုင်ဂျန်နိုင်ငံက ယူဂန်ဒါနိုင်ငံသို့ လွှဲပြောင်းပေးခဲ့သည်။

ဆက်လက်၍ ဂျီ ၇၇ နှင့် တရုတ်အုပ်စု (G-77 and China) လက်ရှိဥက္ကဋ္ဌ ကျူးဘားနိုင်ငံ ဒုတိယသမ္မတ၊ (၇၈) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ (UN General Assembly) သဘာပတိနှင့် အာဖရိကသမဂ္ဂ (African Union) ကော်မရှင်ဥက္ကဋ္ဌတို့က မိန့်ခွန်းများ ပြောကြားခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကာ မိန့်ခွန်းများ ပြောကြားခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းတွင် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အရေးပါသည့် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့သည့် ယူဂန်ဒါအစိုးရနှင့် ပြည်သူများကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည့် အဇာဘိုင်ဂျန်နိုင်ငံကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ယခုထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်ဖြစ်သည့် "ကမ္ဘာလုံးဆိုင်ရာ ကြွယ်ဝမှုများ မျှဝေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေး" သည် ယနေ့ကမ္ဘာ၏ လက်ရှိအခြေအနေများအပေါ် ထင်ဟပ်မှုရှိသဖြင့် အထူးသင့်လျော်ပါကြောင်း၊ မိမိတို့ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် ရှုပ်ထွေးနက်နဲ ခက်ခဲမှုများ အားလုံးကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ စည်းလုံးညီညွတ်မှု၊ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်လွှားနိုင်မည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံကြီးများအကြား ယှဉ်ပြိုင်မှု၊ ပဋိပက္ခနှင့် ကမ္ဘာကြီး၏ စိုးရိမ်ဖွယ်ရာ ပြဿနာများကို လက်တွေ့ကျကျ ဖြေရှင်းနိုင်ရေးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့် ပိုမိုစည်းလုံးညီညွတ်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့် များပြားလှသည့် ကမ္ဘာ့ရေးရာများနှင့်စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကသက်ဆိုင်သည့် အခန်းကဏ္ဍမှ ဆက်လက်ရပ်တည်နိုင်စေရေး မျှော်လင့်ပါကြောင်း ထည့်သွင်းဆွေးနွေး ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေး၌ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှု အခြေအနေများကိုလည်း ထည့်သွင်း ရှင်းလင်းပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

အိမ်ရှင် ယူဂန်ဒါသမ္မတနှင့် ဇနီးတို့က ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များကို ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂျီ ၇၇ နှင့် တရုတ်အုပ်စု၏ "တတိယအကြိမ်မြောက် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ ထိပ်သီးအစည်းအဝေး" ကို ဇန်နဝါရီ ၂၁ ရက်မှစတင်၍ ကမ်ပါလာမြို့၌ ကျင်းပလျက်ရှိရာ၊ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non-Aligned Movement-NAM) ကို ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွား မြှင့်တင်ရေးအတွက် ၁၉၆၁ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ ယခုကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၌ တောင်ဆူဒန်နိုင်ငံ ကို အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၌ လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၂၁ နိုင်ငံ ရှိလာပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ကို စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် EV Charging Station ဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်းခွင်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၁**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများ၊ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အမှတ် (၃) ရှိ ၃၃ ကေဗွီ EV Charging Station ဓာတ်အားခွဲရုံအသစ် တည်ဆောက်နေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)

ဦးစွာ ဒုတိယဝန်ကြီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကြံ့ခိုင်မှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး EV Charging Station များကို ဓာတ်အားပေးနိုင်ရန်အတွက် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အမှတ် (၃) တွင် အသစ် တည်ဆောက်နေသော ၃၃/၁၁ကေဗွီ, ၂၀အမ်ဗွီအေ EV Charging Station ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းခွင်သို့သွားရောက်စစ်ဆေး၍ လုပ်ငန်းများအားစံချိန်စံညွှန်းပြည့်မီစွာဖြင့် အသေးစိတ်အချိန်ဇယားရေးဆွဲကာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီမြို့ ဓိဋ္ဌာန်အောင်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြဝတီ ဇန်နဝါရီ ၂၁**

ကရင်ပြည်နယ် မြဝတီမြို့သည် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ဌာနပေါင်းစုံမှ စနေနေ့တိုင်း သန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်က အမှတ်(၃) ရပ်ကွက် ဓိဋ္ဌာန်အောင်စေတီတော်မြတ်ကြီး ဘုရားပရိဝုဏ်အတွင်း၌ ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းသည် ကြခတ္တောဗောဓိကျောင်းတိုက် မူလဦးစီးပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဈာပနအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့က ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ စေတီပရိဝုဏ်အတွင်းရှိ သစ်ပင်သစ်ကိုင်းကြီးများ ရှင်းလင်းခြင်း၊ ရင်ပြင်တစ်လျှောက် အမှိုက်များလှဲပေးခြင်း၊ ရေထွက်မြောင်းများ ရှင်းလင်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ထွက်ရှိသော အမှိုက်များကို စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စွန့်ပစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇာဖြူဝင်း (ပြန်/ဆက်)**

# ပုဗ္ဗသီရိမြို့နယ် အ-ထ-က(၃) ၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပုဗ္ဗသီရိမြို့နယ်တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အ-ထ-က(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းပညာရေးသာမက ဘက်စုံထူးချွန်ရေးအတွက် မိဘ၊ ဆရာ၊ ကျောင်းသားတို့မှ ဆက်လက် ကြိုးစားသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မြို့နယ်အဆင့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သန်းသန်းနွယ်(ပုဗ္ဗ)**





# ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ ဘုရားစေတီ ၁၁ ဆူမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၇၂ ဦး၊ အုပ်ချုပ်သူ နှစ်ဦးနှင့် နတ်တလင်းခရိုင်အတွင်းရှိ ဘုရားစေတီရှစ်ဆူမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၃၇ ဦး၊ အုပ်ချုပ်သူ နှစ်ဦး စုစုပေါင်း ၁၁၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ယင်းနောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)** ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂမဟာပဏ္ဍိတ သာသနဓဇ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ် အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုကဲ့သို့ ကြားသိခဲ့ရသည်။

**ဦးအေးသန်း (မဟာဗောဓိစေတီတော်ဂေါပကအဖွဲ့အတွင်းရေးမှူး)**

မာရဝိဇယစေတီတော်မြတ်ကြီးကို တီဗွီမှာ စတွေ့ကတည်းက လာရောက် ဖူးမြော်ချင်ပေမယ့် အကြောင်း အမျိုးမျိုးကြောင့် မလာဖြစ်ပါဘူး။ ဒါပေမယ့် ယခုနိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှု၊ တိုင်းဒေသကြီးနဲ့ ခရိုင်က တာဝန်ရှိသူများရဲ့ ကြိုးကြပ်ဆောင်ရွက်ပေးမှုကြောင့် ခရိုင်နဲ့ မြို့နယ်မှာရှိတဲ့ ဂေါပကများက ဘုရားဖူးနိုင်အောင် စီစဉ်ပေးတဲ့အတွက် အခုလိုလာရောက်ဖူးမြော်တာဖြစ်ပါတယ်။ အခုလို စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ အနီးကပ်ကြီးကြပ်ပေးတဲ့ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ မာရဝိဇယဘုရားကြီးဟာ မြန်မာလူမျိုးတွေရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ် တစ်နည်းအားဖြင့် ပြောရရင် ဒီကျောက်ဆစ် လက်ရာတွေ၊ ဒီလောက်ကြီးမားတဲ့ သယံဇာတပစ္စည်းတွေ၊ မြန်မာနိုင်ငံရဲ့ ပေါ်ကြွယ်ဝမှုတွေကို ဖော်ထုတ်ပြသ သလို၊ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေရဲ့ ဘိုးဘွားအစဉ်အဆက်က လက်ဆင့်ကမ်းလာခဲ့တဲ့ ဒီ ဗိသုကာပညာတွေ၊ ကျောက်ဆစ်ပညာတွေကိုလည်းပဲ ဖော်ထုတ်ခွင့်ရတဲ့အတွက် ထေရဝါဒဗုဒ္ဓဘာသာမှာ သာသနာသုံးရပ်ရှိတဲ့အနက် ဆက်လက်တည်တံ့အောင် ဆောင်ရွက်တဲ့နေရာမှာ သာသနာ့သမိုင်းအတွက်ရော၊ မြန်မာ့သမိုင်းအတွက်ရော၊ ကမ္ဘာ့သမိုင်းအတွက်ပါ အဓိကကျတဲ့ ပင်မနေရာကြီးဖြစ်တယ်ဆိုတာကို ဖော်ကျူးပြသနိုင်တဲ့အတွက် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနဲ့ အင်မတန်ကို ဂုဏ်ယူသလို အခုလို တည်ဆောက်ပေးနိုင်ဖို့ စိတ်ကူးတွေနဲ့ ပုံဖော်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ဖော်မပြနိုင်အောင် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်တယ်။


**ဦးသိန်းအောင်(မြို့ဦး အောင်သိဒ္ဓိစေတီတော် ဂေါပက ဥက္ကဋ္ဌ )**

အခုလို လာရောက်ဖူးမြော်ဖြစ်တာကတော့ တိုင်းဒေသကြီးအစီအစဉ်နဲ့ ဂေါပကအဖွဲ့တွေကို ပို့ဆောင်ပေးတာ ဖြစ်ပါတယ်။ လွန်စွာဝမ်းသာကျေးဇူးတင်မိပါတယ်။ ဒီကို ရောက်တဲ့အခါမှာလည်း မာရဝိဇယဘုရားကြီးက တာဝန်ရှိသူများက ရှင်းလင်းပြသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကိုယ့်နိုင်ငံသာမက ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက်အမြင့်ဆုံးဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ဦး အနေနဲ့ရော၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ရော ဂုဏ်ယူရပါတယ်။ ဘုရားကြီးရဲ့ ဦးဆောင်ဒါယကာကြီးကလည်း သာသနာပြုပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့အတွက် အခုဘုရားကြီးတည်ပြီးချိန်မှစ၍ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆန္ဒပြုပါတယ်။

**ဦးသောင်းလွင် (မဟာစန္ဒာသီဟဘုရားကြီးဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး )**

အခုလို လာရောက်ဖူးမြော်နိုင်အောင် လမ်းညွှန်ပေးခဲ့တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ စီစဉ်ပေးခဲ့တဲ့ တိုင်းဒေသကြီး တာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ဆောက်ခဲ့ကြတဲ့ ဦးဆောင်ဘုရားဒါယကာကြီးနဲ့ ပါဝင်ပတ်သက်သူများ အားလုံးကို ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနဲ့ ကျေးဇူးတင်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တီဗွီမှာပဲ ဖူးမြော်နေရတာ အခုလို လက်တွေ့လာရောက်ဖူးမြော်ရချိန်မှာ တကယ့်ကို ကြည်ညိုစရာကောင်းတဲ့အံ့ဖွယ်ဘုရားကြီးလည်း ဖြစ်ပါတယ်။

**သတင်းစဉ်**



ဦးအေးသန်း



ဦးသိန်းအောင်



ဦးသောင်းလွင်

## ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်လွှာ

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ရွှေစင်ရွှေပြား (၁) ချပ် (အရွယ် တစ်ပေ x တစ်ပေ)အလေးချိန် ရွှေတစ်ကျပ်သားအတွက် ၂၅,၀၀,၀၀၀/- (ကျပ် နှစ်ဆယ့်ငါးသိန်းတိတိ) ဖြင့် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသကြ်န်း ငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ ကုသိုလ်ပါဝင် လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ လှူဒါန်းလိုသူများအနေဖြင့် ဦးမောင်မောင် ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၀၉-၄၀၄၄၃၄၄၉၉၊ ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော် ၀၉-၅၁၃၅၆၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကာလအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အာရပ်စော်ဘွားများပြည်ထောင်စု ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Minister of State Mr. Khalifa Shaheen Almarar ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး Dr. Hasan Mahmud, MP နှင့် ယူဂန်ဒါနိုင်ငံ Minister of State Hon. John Mulimba တို့နှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၁

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အစည်းအဝေးကာလ အတွင်း သီးခြားဆွေးနွေးပွဲအဖြစ် အာရပ်စော်ဘွားများ ပြည်ထောင်စု ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Minister of State Mr. Khalifa Shaheen Almarar နှင့် ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး Dr. Hasan Mahmud, MP နှင့် ယူဂန်ဒါ Minister of State for Foreign Affairs Hon. John Mulimba တို့နှင့် ဇန်နဝါရီ ၂၀ ရက်တွင်လည်းကောင်း ရန်ဇိုရီကွန်ဗင်းရှင်းစင်တာ၌ သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာ–အာရပ်စော်ဘွားများ ပြည်ထောင်စု၊ မြန်မာ–ဘင်္ဂလားဒေ့ရှ်နှင့်မြန်မာ–ယူဂန်ဒါ တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး Dr. Hasan Mahmud, MP နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အိန္ဒိယသမ္မတနိုင်ငံရှိ သံမဏိ၊ ဆေးဝါးနှင့် အထည်အလိပ်စက်ရုံများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၁**

အိန္ဒိယနိုင်ငံ၌ ရောက်ရှိနေသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်တွင် ကိုလ်းကတ္တားမြို့မှမော်တော်ယာဉ်များဖြင့် Duragapur သံမဏိစက်ရုံသို့ သွားရောက်လေ့လာသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Duragapur သံမဏိစက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။

### ရှင်းလင်းဖြေကြား

ဦးစွာ ညွှန်ကြားရေးမှူး Mr. BP Sing က Duragapur သံမဏိစက်ရုံဆိုင်ရာ အချက်အလက်များ၊ Duragapur စက်ရုံ တည်ဆောက်ခဲ့မှုနှင့် နှစ်အလိုက် ပြောင်းလဲတိုးတက်လာမှု၊ စက်ရုံ အနေဖြင့် တစ်နှစ်လျှင် သံမဏိ တန်ချိန် နှစ်သန်းကျော် ထုတ်လုပ်နေမှု၊ အိန္ဒိယသမ္မတနိုင်ငံသည် တစ်နှစ်လျှင် သံမဏိတန်ချိန် သန်း ၁၀၀ကျော် ထုတ်လုပ်လျက်ရှိသဖြင့် ကမ္ဘာပေါ်တွင် ဒုတိယမြောက် သံမဏိအများဆုံး ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံအတွက်လိုအပ်သော ကုန်ကြမ်း (Scrap) များ ရရှိမှု၊ လူ့စွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးမြူနေမှုတို့ကို မေးမြန်းရာ Mr. BP Sing က အသေးစိတ် ပြန်လည် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် စက်ရုံအတွင်း၌ Liquid Steel ထုတ်လုပ်ပေးနေသည့် Blast Furnaces ၊ Liquid Steel များကို Converter မှ တစ်ဆင့် စတုရန်းပုံ Steel Billet နှင့် စတုဂံပုံ Bloom ထုတ်လုပ်နေမှု၊ မီးရထားသံဘီးများနှင့် အခြားဘီးများ ထုတ်လုပ်နေမှု၊ Section Mill တွင်ဆောက်လုပ်ရေးလုပ်ငန်းသုံး Steel Structural များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာ၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။ ညပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ကိုလ်းကတ္တားမြို့၌ အနောက်ဘန်ဂေါ စီးပွားရေးလုပ်ငန်းရှင်များက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်၍ လုပ်ငန်းရှင်များ သိရှိလိုသည့် အချက်အလက်များကို ပြည်ထောင်စု ဝန်ကြီးက အသေးစိတ်ပြန်လည် ရှင်းလင်းပြောကြားသည်။

### စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကိုလ်းကတ္တားမြို့၌ ဘန်ဂေါ ပြည်နယ် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဆေးဝါးကုသမှု လုပ်ငန်းများ အကျိုးတူဆောင်ရွက်ရေး၊ ဆိုလာ တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ပညာတော်သင်စေလွှတ်ရေး၊ အလိုအလျောက် ထိန်းချုပ်မောင်းနှင်ရေးစနစ်များကို ပြုပြင်ထိန်းသိမ်းမည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရေး၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို အကူအညီပေးရေး စသည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုလ်းကတ္တားမြို့မှ အမီဒါဘတ်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် ရောက်ရှိရာ ပြည်နယ် အစိုးရလုံခြုံရေးအကြီးအကဲက ကြိုဆိုနှုတ်ဆက်သည်။

ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမီဒါဘတ်မြို့ရှိ Intas Pharmacetutials Ltd,. သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည် ရှင်းလင်းဖြေကြားသည်။ ထို့နောက် စက်ရုံအတွင်း ဆေးဝါးများထုတ်လုပ်နေသည့် နည်းစဉ်အဆင့်ဆင့်တို့ကို လေ့လာကြည့်ရှုသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂူဂျာရတ်ပြည်နယ် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်ရေး၊ အိန္ဒိယနိုင်ငံရှိ စက်မှုလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေး ညှိနှိုင်းသည်။

### ရှင်းလင်းပြသ

ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂူဂျာရတ်ပြည်နယ်ရှိ Arvind အထည်အလိပ်စက်ရုံသို့ ရောက်ရှိရာ စက်ရုံ တာဝန်ခံက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထည်အလိပ်များထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည် လေ့လာကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဂူဂျာရတ်ပြည်နယ်အမီဒါဘတ်မြို့မှ ပြန်လည်ထွက်ခွာလာရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိသည်။ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယအမြဲတမ်းအတွင်းဝန်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ ဒုတိယသံအမတ်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ကြီးခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာစည်းဝေး

**တောင်ကြီး ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၁-၁၀-၂၀၂၁ မှ ၃၁-၁-၂၀၂၂ အထိ ခြောက်လနှင့် ၁-၄-၂၀၂၂ မှ ၃၁-၃-၂၀၂၃ ဘဏ္ဍာရေးနှစ်များအတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ အသင်းမှ အမှုဆောင်အဖွဲ့များနှင့် အသင်းဝင်ကိုယ်စားလှယ်များ စုစုပေါင်း ၁၂၀ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အသင်း၏ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်၍ အတည်ပြုချက်များဆောင်ရွက်ခြင်း၊ အသင်းတွင် လစ်လပ်နေသော အမှုဆောင်များအား ရွေးချယ်တင်မြှောက်ခြင်းနှင့် ကတိသစ္စာခံယူခြင်းတို့ကို ဆောင်ရွက်သည်။

သတင်းစဉ်

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။



### တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ

## နေပြည်တော်ပြည်ထောင်စုနယ်မြေ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းများတွင် စာသင်သားပြည်သူများ သင်ကြားနေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၁

ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး၏ ကဏ္ဍတစ်ခုဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ရှိ သတ်မှတ်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိရာ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်များရှိ စာသင်ဝိုင်းများတွင် စာသင်သားပြည်သူများ သင်ကြားနေမှုအခြေအနေများကို ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းသည် ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ)၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းနှင့် ညပိုင်းတို့တွင် သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ညနေပိုင်းတွင် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ဘောဂဝတီရပ်ကွက်ရှိ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းစာသင်ဝိုင်း၊ ရန်အောင်၂ဓမ္မာရုံရှိ စာသင်ဝိုင်းများ၊ ထိုမှတစ်ဆင့် သကြားစက်ကျေးရွာရှိ



စာသင်ဝိုင်းများသို့သွားရောက်၍ စေတနာလုပ်အားပေးနည်းပြများနှင့် ကြီးကြပ်များက စာသင်သားများကို သင်ကြားနေမှု၊ စာသင်သားများ၏ တတ်ကျွမ်းမှုစွမ်းရည်များကို ကြည့်ရှုအကဲဖြတ်ခြင်းနှင့် စာဖတ်စွမ်းရည်များ တိုးတက်လာမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ)၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် စေတနာရှင်အလှူရှင်များက စာရေးကိရိယာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ စာသင်သားကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ညပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်ရှိ အခြေခံ စာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းတွင် စာသင်သားပြည်သူများ သင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး စာသင်သားများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ကြားခြင်းအစီအစဉ်တွင် ဦးတည်အုပ်စုအဖြစ် အသက် ၁၅ နှင့်အထက် လူငယ်နှင့် သက်ကြီးပိုင်းအရွယ် စာမတတ်သူများကို သင်ကြားပေးခြင်းဖြစ်ပြီး စာသင်ကြားပေးရာတွင် တစ်ရက် ပျမ်းမျှ သုံးနာရီနှုန်းဖြင့် အနည်းဆုံးနာရီပေါင်း ၁၂၀၊ ရက်အားဖြင့် ၄၀ ကြာ အခြေခံမြန်မာစာ၊ အခြေခံ သင်္ချာဘာသာရပ်များနှင့်လူမှုဘဝမြင့်မားရေးအစီအစဉ်များကို အသိပညာပေး ဆွေးနွေးပို့ချ သင်ကြားပေးလျက်ရှိပြီး ရပ်ရွာအတွင်းရှိ စေတနာရှင် အလှူရှင်များကလည်း စာသင်သားများအတွက် ပံ့ပိုးလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများကို Sight Seeing ကြည့်ရှုနိုင်ရန်အတွက် တောင်ကြီး - ပေါမူ၊ ပေါမူ - တောင်ကြီးခရီးစဉ် ရထားပြေးဆွဲ

နေပြည်တော် ဇန်နဝါရီ ၂၁

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများကို စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး – ပေါမူ – တောင်ကြီး (အသွား/အပြန်) ရထားခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပြေးဆွဲပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးဘူတာမှ စတင်ပြေးဆွဲပေးသည်။**



တောင်ကြီး – ပေါမူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေး၍ ပြေးဆွဲချိန် တစ်နာရီခွဲခန့် ကြာမြင့်ပြီး လမ်းခရီးတွင် ဘဝသံသရာ အဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ မိနစ် ၃၀ နှင့် ပေါမူဘူတာသို့ ရောက်ရှိချိန်တွင် ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးခဲ့ပြီး ပေါမူဘူတာမှ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အားစက်ခေါင်းဖြင့် အထက်တန်း တစ်တွဲ၊ ရိုးရိုးတန်း လေးတွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး ယနေ့ခရီးစဉ်၌ တောင်ကြီးမြို့ရှိ Golden Private School မှ မူလတန်းကျောင်းသား ကျောင်းသူ ၁၇၅ဦး၊ ကြီးကြပ်သူ ဆရာ ဆရာမ ၁၈ ဦးနှင့် ပြင်ပရထားစီးခရီးသည် ၉၂ဦး စုစုပေါင်း ၂၈၅ ဦး လိုက်ပါစီးနင်းခဲ့ကြသည်။ အဆိုပါ တောင်ကြီး– ပေါမူအသွား/အပြန်ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်း တစ်ဦးလျှင် ငွေကျပ်၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ ဖြစ်သည်။

တောင်ကြီး – ပေါမူ ခရီးစဉ်သည် တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံးပျံကွင်းကြီးကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယဘဝသံသရာ တံတားအား ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီးသိမ်ဘူတာသို့ ရထားဆိုက်ရောက်ရပ်နားချိန် မိနစ် ၃၀ အတွင်း ဘူတာအထက်ဘက်ရှိ ရှုရပ်မှနေ၍ ထီးသိမ်အဝိုင်းပတ်(ဘဝသံသရာတံတား)ကို အပေါ်စီးမှနေ၍ ကြည့်ရှုခြင်း၊ အဝေးဆီမှ ထီးသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများ စသည့်တောင်တန်းနှင့် သဘာဝ အလှအပရှုခင်းများကို ကြည့်ရှု ခံစားနိုင်ခြင်းတို့ကြောင့် စိတ်လက်အေးချမ်း ပျော်ရွှင်မှုရရှိကြောင်း ရထားပေါ်တွင် လိုက်ပါစီးနင်းကြသူများထံမှ သိရသည်။

အပတ်စဉ် တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး– ပေါမူ အသွား/ အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စီးလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အီရတ်အနောက်ပိုင်းရှိ အမေရိကန်လေတပ်စခန်း စစ်သွေးကြွအဖွဲ့က ဒုံးကျည်များဖြင့် ပစ်ခတ်

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၁**
အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ် အမေရိကန်လေတပ်အခြေစိုက်စခန်းရှိရာ နေရာကို ဇန်နဝါရီ ၂၀ ရက်က ဒုံးကျည်အစင်း ၂၀ ဖြင့် ပစ်ခတ်ခဲ့သည်ဟု သိရသည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အီရတ်တပ်ဖွဲ့၏ သတင်းအရင်းအမြစ်တစ်ခုက ပြောသည်။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၁၉၀ ကီလိုမီတာအကွာ အယ်လ်ဘဂ္ဂဒါဒီမြို့အနီးရှိ အိုင်းအယ်-ဆတ်စခန်းကို စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က မွန်းလွဲပိုင်းတွင် ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ လေကြောင်းရန် ကာကွယ်ရေးလက်နက်များက ဒုံးကျည်တစ်စင်းမှလွဲ၍ ကျန်ဒုံးကျည်များကို ပစ်ချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒုံးကျည်မှာလည်း လေတပ်အခြေစိုက်စခန်းအတွင်းပိုင်း နေရာလွတ်တွင် ကျရောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်အရ သိရသည်။

ဒုံးကျည်များကို လေကြောင်းရန် ကာကွယ်ရေးလက်နက်များက ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး လေထဲတွင်ပေါက်ကွဲမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုမှာ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို မသိရသေးချေ။

**ဆင်ဟွာ**


အိုင်းအယ်-ဆတ်စခန်း လေတပ်အခြေစိုက်စခန်းကို တွေ့ရစဉ်။


ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့၌ မုန်တိုင်းတိုက်ခတ်စဉ်။

# ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့၌ အင်အားပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သုံးဦးသေဆုံး

**ဆော်ပိုလို ဇန်နဝါရီ ၂၁**
ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း ဆော်ပိုလိုမြို့၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း အင်အားပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် သုံးဦးထက်မနည်း သေဆုံးကြောင်း အရပ်ဘက်ကာကွယ်ရေးအေဂျင်စီမှ ဇန်နဝါရီ ၂၀ ရက်က ပြောကြားသည်။

လီမီရာမြို့တွင် ရုတ်တရက် ရေကြီးမှုကြောင့် အမျိုးသမီးနှစ်ဦး သေဆုံးကြောင်း ဘရာဇီးနိုင်ငံ၏ တရားဝင်သတင်းအေဂျင်စီဖြစ်သည့် အေဂျင်စီယာ ဘရာဆဲက ဖော်ပြထားသည်။

ပြီးခဲ့သည့် နိုဝင်ဘာလမှစကာ ဘရာဇီးနိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့၌ လေပြင်းမုန်တိုင်းများ ဆက်လက်တိုက်ခတ်ခြင်းကြောင့် ပစ္စည်းများ ဆုံးရှုံးမှုများနှင့် လူသေဆုံးမှုများ ဖြစ်ပွားခဲ့သည်။

ဆော်ပိုလိုပြည်နယ်၏ မြို့တော်မှ ၁၀၀ ကီလိုမီတာခန့်တွင်ရှိသည့် ဆိုရိုကာဘာမြို့ရှိ အစိုးရဆေးရုံ နှစ်ခု၌ ရေကြီးမှုများဖြစ်ပွားခဲ့ပြီးနောက် ဇန်နဝါရီ ၂၀ ရက်က အရေးပေါ်အခြေအနေ တစ်ရပ် ကြေညာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အစ္စရေးနှင့် အီရန်အကြား တင်းမာမှုအရှိန်မြင့်

**ဒမတ်စကတ် ဇန်နဝါရီ ၂၁**
ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်တွင် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှု ခံရပြီး အီရန် အဆင့်မြင့်တပ်ဖွဲ့ဝင်များ သေဆုံးပြီးနောက် အစ္စရေးနှင့် အီရန်အကြား တင်းမာမှု မြင့်မားလာမည့် အခြေအနေတစ်ခု ဖန်တီးနေသည်ဟု အီရန်က ပြောသည်။

အီရန်သည် အစ္စရေးကို လက်တုံ့ပြန်မှုများ ပြုလုပ်သွားမည်ဟု ပြောသည်။ အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အဖွဲ့ဝင်ငါးဦး သေဆုံးခဲ့သည်ဟု အီရန်နိုင်ငံ၏ အစ္စလာမ့်စ်တော်လှန်ရေး အစောင့်တပ်က ဇန်နဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ၎င်းတို့သည် စစ်ဘက်ဆိုင်ရာ အကြံပေးများ ဖြစ်ကြသည်ဟု သိရသည်။

သင့်လျော်သည့် နေရာနှင့် အချိန်တွင် တုံ့ပြန်ပိုင်ခွင့်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ အစ္စရေးဘက်မှ ယခုအချိန်အထိ တုံ့ပြန်မှုများ မပြုလုပ်သေးချေ။ သို့သော်လည်း ကြာသပတေးနေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အီရန်ကို တိုက်ရိုက်တိုက်ခိုက်နေသည်ဟု မှတ်ချက်ပြုပြောဆိုခဲ့သည်။

ထိုစဉ် အစ္စရေးတပ်ဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသ ကျယ်ပြန့်သည့်ဧရိယာကို လေကြောင်းနှင့် ကုန်းကြောင်းတို့မှ တိုက်ခိုက်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသည်။ တောင်ပိုင်းရှိ ခန်းယူနစ်မြို့မှ ဟားမားစ်တိုက်ခိုက်ရေးသမားများကို သုတ်သင်ရှင်းလင်းခဲ့ကြောင်းနှင့် ဂါဇာမြို့အနီး မြောက်ဘက်ပိုင်းရှိ ဒုံးကျည်များနှင့် လောင်ချာများကို ဖျက်ဆီးခဲ့ကြောင်း ပြောသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၆၅ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဇန်နဝါရီ ၂၀ ရက်တွင် ဂါဇာဒေသရှိကျန်းမာရေး အာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဂါဇာကမ်းမြောင်၌ သေဆုံးသူ ၂၅၀၀၀ ကျော်ရှိလာ

## အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ မြင့်တက်လာ

**ဂါဇာ ဇန်နဝါရီ ၂၁**
အစ္စရေး-ဟားမားစ်ပဋိပက္ခစတင်ဖြစ်ပွားကတည်းက ပါလက်စတိုင်းနယ်မြေတွင် အတည်ပြုသေဆုံးသူ အရေအတွက်မှာ ၂၅၀၀၀ ကျော် ရှိလာပြီဖြစ်ကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ဟားမားစ်တို့ကို ချေမှုန်းရန် ရည်ရွယ်ပြီး အစ္စရေးတပ်ဖွဲ့သည် ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်းယူနစ်နှင့် နေရာအများအပြားကို လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း လူပေါင်း ၁၇၈ ဦး သေဆုံးမှုရှိသည့်အတွက် သေဆုံးသူ စုစုပေါင်း ၂၅၁၀၅ ဦးအထိ ရှိလာကြောင်း ဇန်နဝါရီ ၂၁ ရက်က ထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ကျန်းမာရေး အာဏာပိုင်များက ပြောသည်။ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့ Save the Children က ဂါဇာအာဏာပိုင်များ၏ အချက်အလက်များအပေါ် အခြေခံကာ သေဆုံးသူ ၁၀၀၀၀ ကျော်မှာ ကလေးငယ်များဖြစ်ကြောင်း ပြောသည်။

အရပ်သားသေဆုံးမှု မြင့်တက်လာခြင်းကြောင့် အမေရိကန်နှင့် အာရပ်နိုင်ငံများက အစ္စရေးနှင့် ပါလက်စတိုင်းတို့သည် နှစ်နိုင်ငံဖြေရှင်းရေး နည်းလမ်းမှတစ်ဆင့် ငြိမ်းချမ်းရေးရယူသင့်ကြောင်း ပြောသည်။ အခြားတစ်ဖက်တွင် အစ္စရေးတိုက်ခိုက်မှုကြောင့် ဆီးရီးယားတွင် ၎င်းတို့၏ စစ်ဘက်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ငါးဦးသေဆုံးကြောင်း ဟားမားစ်ကို ထောက်ခံသော အီရန်က ဇန်နဝါရီ ၂၀ ရက်က ပြောသည်။

အစ္စရေးနှင့် လက်ဘနွန်ရှိ အီရန်ကျောထောက်နောက်ခံ ရှီးယားအဖွဲ့ ဟစ်ဇ်ဘိုလာတို့သည် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားလျက်ရှိပြီး အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ မြင့်တက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ ငလျင်ဒဏ်သင့် ကယ်ဆယ်ရေးစခန်းများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားနေ

**တိုကျို ဇန်နဝါရီ ၂၁**
ဂျပန်နိုင်ငံအလယ်ပိုင်း၌ ဇန်နဝါရီ ၁ ရက်က အင်အားပြင်းငလျင်လှုပ်ခဲ့ပြီး ရက်သတ္တပတ်သုံးပတ်နီးပါးအကြာတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသည်။

### ငလျင်ကြောင့် သေဆုံးသူ ၂၃၂ ဦးရှိ

အီရှိကါဝါပြည်နယ်တွင် ငလျင်ကြောင့် သေဆုံးသူ ၂၃၂ ဦးရှိပြီး ၎င်းတို့အနက် ၁၄ ဦးမှာ ဘေးအန္တရာယ်နှင့် ဆက်စပ်သည့်အကြောင်းရင်းများကြောင့်သေဆုံးသည်ဟု သံသယရှိကြောင်း၊ ငလျင်ကြောင့် ပျောက်ဆုံးနေသူ ၂၂ ဦးရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

### ၁၀ ရက်အတွင်း လူ ၁၀၀ ကျော်ရှိ

အဓိက ကယ်ဆယ်ရေးစခန်းများ၌ နေ့စဉ်ကူးစက်ရောဂါသစ်ဖြစ်ပွားသူ အရေအတွက်မှာ ၁၀ ရက်အတွင်း လူ ၁၀၀ ကျော်ရှိပြီဖြစ်ကြောင်း အီရှိကါဝါပြည်နယ်အစိုးရက ပြောကြားသည်။

ဝါဂျီမာမြို့ မသန်စွမ်းသူများ နေထိုင်ရာ ဂေဟာမှ ပြောင်းရွှေ့လာသူ ၂၈ ဦး အနက် ၁၂ ဦးမှာ လက်ရှိတွင် ဟာခုအိမြို့ အဆောက်အအုံတစ်ခု၌ ကိုဗစ်-၁၉ ကူးစက်ခံနေရကြောင်း၊ အလားတူ ဆူဇူမြို့အမိုးအကာအောက်တွင် ရွှေ့ပြောင်းနေထိုင်သူ ၃၀ ရှိသည့်အနက် ငါးဦးမှာ ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိကြောင်း သိရသည်။

### မိုးရွာခြင်းနှင့် နှင်းကျခြင်းဖြစ်ပွားနိုင်

ကိုဗစ်-၁၉ ရောဂါမပြန့်ပွားအောင် မည်သို့ကာကွယ်ရမည်ဆိုသည်ကို အာဏာပိုင်များကို လေးလေးနက်နက်စဉ်းစားစေလိုကြောင်း တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆာကာဂျီရီ တာကာရှိက ပြောသည်။ ဂျပန်နိုင်ငံ၌ လာမည့်ရက်အနည်းငယ်အတွင်း မိုးရွာသွန်းခြင်းနှင့် နှင်းကျခြင်းတို့ ဆက်လက်ဖြစ်ပွားနိုင်သည်ဟု မိုးလေဝသခန့်မှန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**


ဂျပန်နိုင်ငံရှိ ကယ်ဆယ်ရေးစခန်းကို တွေ့ရစဉ်။

# ဟိုပုံးမြို့နယ် စံဖူးကျေးရွာသို့ရောက်ရှိလာသည့် PNLO ယူနီဖောင်းဝတ်ဆင်ထားသူများ မောင်းနှင်လာသော မော်တော်ယာဉ်များပေါ်မှ တရားမဝင် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ တရားမဝင် လက်နက်/ခဲယမ်းများ သယ်ဆောင်ရန်ရှိကြောင်း အကြမ်းဖက်မှုကိုမလိုလားသော ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ဇန်နဝါရီ ၂၀ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် စံဖူးကျေးရွာသို့ရောက်ရှိလာသည့် PNLO ယူနီဖောင်း ဝတ်ဆင်ထားသူများလိုက်ပါ၍ Canter ယာဉ်နှစ်စီး၊ Honda Fit ယာဉ်တစ်စီး၊ ဖိုးဝိုးယာဉ် နှစ်စီး စုစုပေါင်း မော်တော်ယာဉ် ငါးစီးပါ ယာဉ်တန်းအား တွေ့ရှိသဖြင့် လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ PNLO ယူနီဖောင်း ဝတ်ဆင်ထားသူတစ်ဦးက သေနတ်စတင်ပစ်ဖောက်မှု ဆောင်ရွက်လာသည့်အတွက် ပစ်ခတ်မှုအနည်းငယ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

PNLO အဖွဲ့သည် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးကို ရှေးရှု၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ပြီး NCA ပါ သဘောတူညီချက်များအား လေးစားလိုက်နာစေရေး ဆွေးနွေး ညှိနှိုင်းခဲ့သည့်အတွက် ပစ်ခတ်မှု ရပ်တန့်သွားခဲ့သည်။ သို့သော် PNLO ယူနီဖောင်းဝတ်ဆင်ထားသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးညှိနှိုင်းစေ့စပ်မှု ဆောင်ရွက်နေစဉ်အတွင်း ယနေ့နံနက်ပိုင်းတွင် ၎င်းတို့ယာဉ်တန်းမှ ယာဉ်များအား မီးရှို့ပြီး ထွက်ပြေးသွားခဲ့သဖြင့် ယာဉ်များပေါ်ရှိ ခဲယမ်းဟုယူဆရသော ပစ္စည်းများပေါက်ကွဲ၍ စံဖူးကျေးရွာရှိ ဒေသခံများ၏ နေအိမ်များသို့ မီးများကူးစက်ခဲ့ပြီး နေအိမ် ၂၇ လုံး မီးလောင် ပျက်စီးခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ ဟိုပုံးမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့မှ မီးသတ်ယာဉ် ခြောက်စီးနှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းမီးငြှိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မီးလောင်ပျက်စီးနေသည့် ယာဉ်များကို စစ်ဆေးခဲ့ရာ Canter ယာဉ်နှစ်စီးပေါ်မှ မီးလောင်ပျက်စီးလျက်ရှိသည့် လက်နက်ငယ်မျိုးစုံ ၅၀၄ လက်၊ RPG ၁၀ လက်၊ ၁၀၇ မမ ရော့ကတ်ဒုံး ခြောက်လုံးနှင့် ခဲယမ်းအချို့ သိမ်းဆည်းရမိခဲ့သည်။

မီးလောင် ပျက်စီးမှုကြောင့် နေအိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသော ဒေသခံပြည်သူများအတွက် ပြည်နယ်အစိုးရမှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**







မီးလောင်သည့် ဒေသခံများ၏ နေအိမ်များကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝိုင်းဝန်းမီးငြှိမ်းသတ်ဆောင်ရွက်စဉ်။ (အပေါ်ပုံများ)





သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ။ (ဝဲပုံနှင့်ယာပုံ)





လက်နက်ခဲယမ်းများ သယ်ဆောင်သည့် ယာဉ်များအား မီးရှို့ခဲ့မှုကြောင့် မီးလောင်ပျက်စီးသည့် လက်နက်ခဲယမ်းများ။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ စေတီတစ်ဆူအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီး


**နေပြည်တော် ဇန်နဝါရီ ၂၁**

အကြမ်းဖက်သမားများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် အများပြည်သူပိုင် အဆောက်အဦများ၊ ဌာနဆိုင်ရာအဆောက်အဦများနှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့်သာသနိက အဆောက်အဦများ အပါအဝင် အခြားဘာသာဝင်များ၏ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများအား Drop Bomb များ ပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ဖျက်ဆီးခြင်းများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားလုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်သိရှိပြီးဖြစ်သည်။



ယခုအခါတွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတော်အား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဇန်နဝါရီ ၁၀ ရက်မှစ၍ ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ရာ (**ယာပုံ**) ဇန်နဝါရီ ၂၀ ရက်တွင် အပြီးသတ်ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရှိရပြီး အဆိုပါ စေတီတော်အတွင်း ဌာပနာထားသည့် ပစ္စည်းများကိုလည်း အကြမ်းဖက်သောင်းကျန်းသူများက ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။





အဆိုပါ စေတီတော်သည် ရှေးယခင်က ပလောင်တောင်ပိုင်စော်ဘွားကြီး မဟာသရေစည်သူ စဝ်ခွန်ပန်းစိန်က တည်ထားကိုးကွယ်ခဲ့ပြီး ခေတ်အဆက်ဆက်၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းများ ဆောင်ရွက်ခဲ့သည့် ဒေသခံဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတော်တစ်ဆူ ဖြစ်ကြောင်း သိရှိရသည်။

ယခင် ရက်ပိုင်းတွင်လည်း MNDAA အကြမ်းဖက်သောင်းကျန်းသူများက လောက်ကိုင်မြို့နယ် စီအောကျေးရွာ၏ မြောက်ဘက်ဆင်ဦးကင်းကုန်းပေါ်ရှိ စေတီတော်အား သံတူဖြင့်ထု၍ ဖြိုချဖျက်ဆီးနေသည့် ဗီဒီယိုဖိုင်များနှင့် အခြား ဗုဒ္ဓဆင်းတုတော်များအား ထုခွဲဖျက်ဆီးနေသည့် ဗီဒီယိုဖိုင်များ ထွက်ပေါ်ခဲ့သည့်အတွက် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံနိုင်ဘဲ ပြင်းထန်စွာရှုတ်ချကန့်ကွက်လျက်ရှိသည်။

ထပ်မံ၍ TNLA အကြမ်းဖက်သောင်းကျန်းသူများက ယခုကဲ့သို့ ဘုရားစေတီအား ဖျက်ဆီးခဲ့ခြင်းသည် ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ မိုက်ရိုင်းစော်ကားခြင်း ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် လုံးဝလက်မခံနိုင်ဘဲ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ကျော်ထက်(ခ) လင်းလင်းအား ညနေ ၅ နာရီ မိနစ် ၄၀ တွင် အောင်မြေသာစံမြို့နယ် အမှတ်(၁) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နော်တင်ဟမ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ဘရန့်ဖို့ဒ်အသင်း အနိုင်ရ ရှက်ဖီးနှင့် ဝက်စ်ဟမ်း နှစ်ဂိုးစီ သရေပွဲဖြစ်

ပရီမီယာလိဂ်ပွဲစဉ် (၂၁) မှ ဘရန့်ဖို့ဒ်နှင့် နော်တင်ဟမ် ဖောရက်စ်အသင်းပွဲစဉ်ကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘရန့်ဖို့ဒ်အသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းမှ တိုက်စစ်ကစားသမား အီဗန်တိုနေးသည် လောင်းကစားဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုအတွက် ရှစ်လကြာ ပိတ်ပင်ခံထားရပြီးနောက် ယခုပွဲစဉ်တွင် ပြန်လည်ပါဝင်လာခဲ့သည့်အပြင် အသင်းအတွက် အရေးပါသည့် သွင်းဂိုးတစ်ဂိုးကိုပါ သွင်းယူနိုင်ခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပြိုင်ပွဲစုံ နောက်ဆုံးလေးပွဲဆက် နိုင်ပွဲမရရှိမှုကို ချေဖျက်နိုင်ခဲ့သည်။ ဘရန့်ဖို့ဒ်အသင်းအတွက် သွင်းဂိုးများကို တိုနေး၊ မီးနှင့် မော်ပေးတို့က သွင်းယူပေးပြီး နော်တင်ဟမ်အသင်းအတွက် သွင်းဂိုးများကို ဒန်နီလိုနှင့် ဝုဒ်တို့က သွင်းယူပေးခဲ့သည်။



ဇန်နဝါရီ ၂၁ ရက် ည ၈ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် ရှက်ဖီးနှင့် ဝက်စ်ဟမ်းတို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးမှ ကစားသမားတစ်ဦးစီ အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး ရှက်ဖီးတို့ ပွဲပြီးခါနီးတွင် ရရှိသည့် ပယ်နယ်တီကြောင့် သရေတစ်မှတ်ရယူနိုင်ခဲ့သည်။

**အောင်ဇော်**

# ငြိမ်းချမ်းစွာ ပဋိပက္ခ ဖြေရှင်းရေး

**ပြည်သာကျော်**

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကတစ်ဆင့် ဖြစ်လာတဲ့အကျိုးဆက်တွေက လတ်တလောမှာ ဆက်တိုက် ဖြစ်ပေါ်နေပါတယ်။ တိုက်ပွဲတွေရဲ့ဂယက်တွေက ပြည်သူလူထုအရေး၊ နိုင်ငံရဲ့အနာဂတ်အရေးတွေအတွက် စဉ်းစားစရာတွေ အများအပြား ပါပဲ။

တိုက်ပွဲတွေကြောင့် တိုက်ရိုက်ထိခိုက်ခံစားနေရသူတွေနဲ့ သွယ်ဝိုက်ပြီး ခံစားနေရသူတွေရဲ့ စားဝတ်နေရေးအခက်အခဲ၊ အကျပ်အတည်းတွေဟာ နိုင်ငံအတွက် အနုတ်လက္ခဏာဆောင်နေပါတယ်။ အနုတ်လက္ခဏာတွေဖြစ်ပေါ်စေတဲ့ နိုင်ငံရေးသဘောထားကွဲလွဲမှုတွေနဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေဟာ လက်ရှိအကျပ်အတည်းတွေကို ဖြေရှင်းနိုင်မလား၊ ဒါမှမဟုတ် အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် မှန်ကန်တဲ့အဖြေ ထုတ်ပေးနိုင်မလားဆိုတာ အတိတ်က အတွေ့အကြုံတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မြင်နိုင်ပါတယ်။

### ငြိမ်းချမ်းစွာဖြေရှင်းတဲ့ ယဉ်ကျေးမှုအားနည်း

ယခင်ကလည်း နိုင်ငံရေးသဘောထားကွဲလွဲတာတွေ ကြုံခဲ့ရပြီးပါပြီ။ သဘောထားကွဲလွဲတဲ့အခါတိုင်းလည်း လက်နက်ကိုင်ဖြေရှင်းခဲ့ကြပါတယ်။ လက်နက်ကိုင်ဖြေရှင်းကြတိုင်းလည်း ပဋိပက္ခတွေ ပြေလည်သွားစေတာထက် ဘေးထွက်ဆိုးကျိုးတွေပဲ ကြုံခဲ့ကြရတာပါ။ အခုလည်း ကြုံနေဆဲပါ။ ဒီဆိုးကျိုးတွေကို အမြစ်ဖြတ်ဖို့ဆိုရင် ပြဿနာရဲ့ဇာစ်မြစ်ကို နားလည်လက်ခံပြီး ငြိမ်းငြိမ်းချမ်းချမ်း ညှိနှိုင်းဖြေရှင်းကြဖို့လိုပါတယ်။ ဒါပေမယ့် မြန်မာ့နိုင်ငံရေးမှာ ငြိမ်းချမ်းစွာဖြေရှင်းတဲ့ယဉ်ကျေးမှုအတွက် ရေခံမြေခံကောင်းမရှိပါဘူး။ ငြိမ်းချမ်းစွာဖြေရှင်းတဲ့ယဉ်ကျေးမှု အားနည်းတဲ့အတွက် အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်ခဲ့ပါတယ်။

အခုဆိုရင် ပဋိပက္ခတွေဟာ ပြည်တွင်းရေးအဆင့်ကို ကျော်လွန်ပြီး ပြည်ပရဲ့စွက်ဖက်ကြိုးကိုင်တာတွေကို ရင်ဆိုင်နေရပါတယ်။ ပြင်ပက အမြတ်ထုတ်လိုတဲ့သူတွေက အခွင့်ကောင်းကို အသုံးချနေကြတာ မျက်ဝါးထင်ထင်ပါပဲ။ ပြည်ပရဲ့စွက်ဖက်မှုတွေကြောင့် အကျပ်အတည်းတွေဟာ ပိုနက်နဲလာပြီး နိုင်ငံရဲ့အချုပ်အခြာ၊ နယ်မြေ၊ စည်းလုံးညီညွတ်မှုနဲ့ လွတ်လပ်ရေးအတွက် ကြီးမားတဲ့အန္တရာယ်တွေ ဖြစ်လာနေပါတယ်။ ဒါဟာ နိုင်ငံ့အနာဂတ်အတွက် လိုအပ်နေတဲ့ အဖြေမဟုတ်ပါဘူး။

### ပဋိပက္ခတွေရဲ့ အရင်းခံအကြောင်း

ပဋိပက္ခတွေဆိုတာက ပါဝင်ပတ်သက်သူတွေရဲ့ ရည်မှန်းချက်၊ ယုံကြည်ချက်၊ ခံယူချက်၊ တန်ဖိုးထားမှုတွေနဲ့ပတ်သက်လို့ အခြေအနေတစ်ခုမှာဖြစ်ပွားတဲ့ အငြင်းပွားမှုတွေဖြစ်ပါတယ်။ ပဋိပက္ခတစ်ခု ဖြစ်လာရင် အဲဒီပဋိပက္ခရဲ့အပေါ်ယံလွှာကို ကြည့်ရသလို ပဋိပက္ခရဲ့ မူလဇာစ်မြစ် ဒါမှမဟုတ် ဖုံးကွယ်ထားတဲ့ရည်မှန်းချက်တွေနဲ့ ယုံကြည်ချက်တွေကို ရှာဖွေကြရပါတယ်။ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ပဋိပက္ခတွေရဲ့ အရင်းခံအကြောင်းတွေဟာ နိုင်ငံရေးသဘောထား ကွဲလွဲမှုတွေအပေါ်မှာ အခြေခံခဲ့တယ်လို့ ယေဘုယျပြောနိုင်ပါတယ်။ ဒါပေမယ့် လက်တွေ့မှာက နိုင်ငံရေးအရင်းခံအကြောင်းတရားတစ်ခုတည်း မဟုတ်ပါဘူး။ နိုင်ငံရေးရဲ့နောက်ကွယ်က အတ္တတွေ၊ ကိုယ်ကျိုးစီးပွားတွေ၊ အာဃာတတွေနဲ့ မယုံကြည်မှုတွေပါဝင်နေပြီး အဲဒါတွေက ပဋိပက္ခတွေကို အမြစ်ပွားစေလျက်ရှိပါတယ်။

လွတ်လပ်ရေးမရခင်ကတည်းက မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်ဖို့ ရည်မှန်းခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးချိန်မှာတော့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုအပ်တဲ့အခြေခံတွေကို မတည်ဆောက်နိုင်ဘဲ အာဏာလွန်ဆွဲမှုတွေသာဖြစ်ခဲ့ပါတယ်။ အဲဒီအာဏာလွန်ဆွဲမှုတွေဟာ မူလရည်မှန်းထားတဲ့ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးဆီကို ဦးမတည်တော့ဘဲ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ သံသရာလည်ခဲ့ပါတယ်။ တဖြည်းဖြည်းကြာရှည်လာတဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာ တိုင်းရင်းသားအချင်းချင်းအကြားမှာ မယုံကြည်မှု၊ အာဃာတနဲ့ နာကြည်းမှုတွေကို ပေါက်ပွားစေခဲ့ပါတယ်။ တစ်စတစ်စအမြစ်စွဲသလိုစွဲလာတဲ့ ပဋိပက္ခဇာစ်မြစ်တွေဟာ ကြာလာလေ ဖြေရှင်းရခက်လေဖြစ်လာပြီး ပဋိပက္ခအသစ်တွေ တစ်ခုပြီးတစ်ခု ပေါက်ပွားစေခဲ့ပါတယ်။

> **“အခုဆိုရင် ပဋိပက္ခတွေဟာ ပြည်တွင်းရေးအဆင့်ကို ကျော်လွန်ပြီး ပြည်ပရဲ့စွက်ဖက်ကြိုးကိုင်တာတွေကို ရင်ဆိုင်နေရပါတယ်။ ပြင်ပက အမြတ်ထုတ်လိုတဲ့သူတွေက အခွင့်ကောင်းကို အသုံးချနေကြတာ မျက်ဝါးထင်ထင်ပါပဲ။ ပြည်ပရဲ့စွက်ဖက်မှုတွေကြောင့် အကျပ်အတည်းတွေဟာ ပိုနက်နဲလာပြီး နိုင်ငံရဲ့အချုပ်အခြာ၊ နယ်မြေ၊ စည်းလုံးညီညွတ်မှုနဲ့ လွတ်လပ်ရေးအတွက် ကြီးမားတဲ့အန္တရာယ်တွေ ဖြစ်လာနေပါတယ်။ ဒါဟာ နိုင်ငံ့အနာဂတ်အတွက် လိုအပ်နေတဲ့ အဖြေမဟုတ်ပါဘူး”**

ပဋိပက္ခဇာစ်မြစ်တွေဟာ ကာလကြာရှည်လာတာနဲ့အမျှ ပိုမိုရှုပ်ထွေးလာပါတယ်။ ဒီတော့ ပိုမိုရှုပ်ထွေးလာတဲ့ ပဋိပက္ခဇာစ်မြစ်တွေကို ဖြေရှင်းဖို့အတွက် ရှုမြင်ရာမှာ ရှုထောင့်တစ်ခုတည်းက ကြည့်ရုံနဲ့ မပြည့်စုံတော့ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ နိုင်ငံတကာဆက်ဆံရေး စတဲ့ရှုထောင့်အသီးသီးကနေ သူ့ဘက်ကိုယ့်ဘက်အခြေအနေတွေကို အပြန်အလှန်မျှတစွာရှုမြင်မှသာ ပြဿနာတွေရဲ့အဖြစ်မှန်နဲ့ ဇာစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းနိုင်မှာပါ။

ဒီကနေ့ကမ္ဘာကြီးမှာ ကိုယ်ကျိုးစီးပွားဖော်ဆောင်မှုနဲ့ ကိုယ်ကျိုးစီးပွားကာကွယ်မှုတွေ ပြင်းထန်နေပါတယ်။ နိုင်ငံတိုင်းက အများအကျိုးနဲ့ ကိုယ့်နိုင်ငံအကျိုးယှဉ်လာရင် ကိုယ့်နိုင်ငံအကျိုးစီးပွားကိုပဲ အဓိက ဦးစားပေးကြပါတယ်။ ကိုယ့်နိုင်ငံအကျိုးစီးပွားအောင်မြင်ဖို့အတွက် နိုင်ငံတကာဆက်ဆံရေးမှာ နှောင်ကြိုးတွေ၊ အပေးအယူတွေ၊ အကျပ်ကိုင်မှု စတဲ့နည်းလမ်းမျိုးစုံသုံးပြီး နောက်ကွယ်ကနေ ကိုယ်ကျိုးစီးပွားရည်မှန်းချက်တွေကို အပြိုင်အဆိုင်ဖော်ဆောင်နေကြပါတယ်။

အင်အားကြီးနိုင်ငံတွေဟာ သူတို့ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ သံတမန်ရေးနည်းလမ်းတွေနဲ့ အင်အားနည်းတဲ့ နိုင်ငံတွေကို အသုံးချကြပါတယ်။ နိုင်ငံငယ်တွေအတွက် အကျိုးနည်းနည်း၊ သူတို့အတွက် အကျိုးများများလုပ်ဆောင်ကြပါတယ်။ အင်အားကြီးနိုင်ငံအချင်းချင်း အားပြိုင်ရာမှာလည်း နိုင်ငံငယ်တွေဟာ ကြားခံစစ်နယ်မြေအဖြစ် အသုံးချခံနေကြရပါတယ်။

### အသုံးချခံနယ်မြေတစ်ခုအဖြစ် ရှုမြင်

လတ်တလောဖြစ်နေတဲ့ ယူကရိန်းနိုင်ငံဖြစ်စဉ်ဟာ အတုယူစရာကောင်းတဲ့ နိုင်ငံတကာဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာဆိုရင် ပထဝီအနေအထားအရ မြန်မာနိုင်ငံဟာ အင်အားကြီးနိုင်ငံတွေအတွက် အသုံးချခံနယ်မြေတစ်ခုအဖြစ် ရှုမြင်ထားကြပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အသုံးချဖို့ ကြိုးစားနေတာကြာပါပြီ။ မြန်မာနိုင်ငံအနေနဲ့ ဒါကိုရှောင်လွှဲလို့ မရနိုင်ပါဘူး။ မြန်မာနိုင်ငံရဲ့ပထဝီအနေအထားကို ပြောင်းလဲလို့ မရပေမယ့် အဲဒီအခြေအနေကို နိုင်ငံ့အကျိုးစီးပွားအတွက် ဘယ်လိုအသုံးချနိုင်မလဲဆိုတာ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ အိမ်နီးချင်းနိုင်ငံဆက်ဆံရေးမူဝါဒအတွက် အရေးပါပါတယ်။

ဒီလိုအခြေအနေမှာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးပဋိပက္ခတွေဟာ ကိုယ်ကျိုးစီးပွားအမြတ်ထုတ်လိုတဲ့ နိုင်ငံတွေအတွက် အခွင့်ကောင်း ဖြစ်နေပါတယ်။ အခွင့်ကောင်းကို အမြတ်ထုတ်ပြီး ပြင်ပက စွက်ဖက်လာတဲ့အတွက် မြန်မာနိုင်ငံရဲ့ပဋိပက္ခတွေဟာ တစ်စတစ်စ ကျယ်ပြန့်လာပြီး ပြည်တွင်းရေးသက်သက်ထက် ကျော်လွန်လာပါတယ်။ လက်ရှိကျယ်ပြန့်နက်ရှိုင်းလာတဲ့ ပြည်တွင်းရေးပဋိပက္ခတွေဟာ အန္တရာယ်ကို ဖိတ်ခေါ်နေပြီး နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေကို ခြိမ်းခြောက်နေပါတယ်။

> **“အရှေ့တောင်အာရှမှာဆိုရင် ပထဝီအနေအထားအရ မြန်မာနိုင်ငံဟာ အင်အားကြီးနိုင်ငံတွေအတွက် အသုံးချခံနယ်မြေတစ်ခုအဖြစ် ရှုမြင်ထားကြပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အသုံးချဖို့ ကြိုးစားနေတာကြာပါပြီ။ မြန်မာနိုင်ငံအနေနဲ့ ဒါကိုရှောင်လွှဲလို့ မရနိုင်ပါဘူး။ မြန်မာနိုင်ငံရဲ့ပထဝီအနေအထားကို ပြောင်းလဲလို့မရပေမယ့် အဲဒီအခြေအနေကို နိုင်ငံ့အကျိုးစီးပွားအတွက် ဘယ်လိုအသုံးချနိုင်မလဲဆိုတာ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ အိမ်နီးချင်းနိုင်ငံ ဆက်ဆံရေးမူဝါဒအတွက် အရေးပါပါတယ်”**

### တိုင်းပြည်အတွက် ကြီးမားတဲ့အန္တရာယ်

ဒီကနေ့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေဟာ နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေတွေအတွက် ကြီးမားတဲ့အန္တရာယ်တွေဖြစ်ပါတယ်။ ယခင်ကတော့ နိုင်ငံရေးသဘောထားကွဲလွဲမှုတွေကြောင့်ဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာ ပြည်တွင်းရေးသက်သက်ပါပဲ။ အခုတော့ အဲဒီပဋိပက္ခအခြေအနေဟာ ပြည်တွင်းရေးအဆင့်ကိုကျော်လွန်ပြီး တိုင်းပြည်အတွက် ကြီးမားတဲ့အန္တရာယ်အဖြစ် တွေ့နေရပါတယ်။ အနော်ရထာမင်းလက်ထက်ကစလို့ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တာ နှစ်ပေါင်းထောင်ချီ ရှိနေပါပြီ။ သမိုင်းတစ်လျှောက်မှာ နယ်ချဲ့တွေရဲ့ သိမ်းပိုက်ခံရမှုအပါအဝင် ပြည်တွင်း၊ ပြည်ပအန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်တွန်းလှန်ပြီး နိုင်ငံတော်ကို အဓွန့်ရှည်စွာ ထိန်းသိမ်းကာကွယ်ခဲ့ကြပါတယ်။ ဒါပေမယ့် လွတ်လပ်ရေးရပြီးနောက်ပိုင်း စည်းလုံးမှုပြိုကွဲမှုဟာ နိုင်ငံအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်နေပါတယ်။ ဆယ်စုနှစ် ခုနစ်စုကျော်ကြာနေတဲ့ နိုင်ငံရေးသဘောထားကွဲလွဲတာတွေကို မျှတစွာ မဖြေရှင်းနိုင်တဲ့အတွက် ပြဿနာတွေဟာ ပိုပြီးကြီးလာခဲ့ပါတယ်။

ကြီးမားကျယ်ပြန့်လာတဲ့ မြန်မာနိုင်ငံရဲ့ပဋိပက္ခတွေဟာ ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေနဲ့ အင်အားကြီးနိုင်ငံတွေရဲ့ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုတွေကြောင့် မီးလောင်ရာလေပင့်ခံနေရပါတယ်။ ဒီတော့ ကိုယ့်ပြည်တွင်းရေးပြဿနာတွေကို ပြေလည်အောင် မဖြေရှင်းနိုင်သရွေ့ ပြည်တွင်း၊ ပြည်ပခြိမ်းခြောက်ခံရမှုတွေက တိုင်းပြည်အနာဂတ်အတွက် စိုးရိမ်စရာအဖြစ် ရှိနေဦးမှာပါ။ ဒါကြောင့် ကိုယ့်ပြည်တွင်းရေးပဋိပက္ခရဲ့ အရင်းခံအကြောင်းတရားတွေကို ထိရောက်စွာဖြေရှင်းရမှာဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံတကာဆက်ဆံရေးမူဝါဒနဲ့ အိမ်နီးချင်းနိုင်ငံဆက်ဆံရေးမူဝါဒတွေကို နိုင်ငံရဲ့အကျိုးစီးပွားနဲ့အညီ ကျင့်သုံးဖို့လိုပါတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ပတ်သက်တဲ့မူဝါဒတွေဟာ မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

### အချိန်များစွာ ပြန်လည်တည်ဆောက်ယူရမည်

ကမ္ဘာပေါ်မှာ လက်နက်ကိုင်ပဋိပက္ခတွေ ရှည်ကြာတဲ့ ဘယ်နိုင်ငံမှာမဆို နိုင်ငံကို အဘက်ဘက်က ချွတ်ခြုံကျစေပါတယ်။ အထူးသဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေနဲ့ ရုန်းကန်နေရပြီး ပြည်ပစွက်ဖက်မှုခံရတဲ့နိုင်ငံတိုင်းဟာ ပဋိပက္ခတွေက ရုန်းထွက်ဖို့နဲ့ နိုင်ငံပြန်လည်တည်ဆောက်ဖို့ ခက်ခဲနေကြတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေအပြင် နောက်ကွယ်က ကြိုးကိုင်ပံ့ပိုးပေးနေသူတွေကြောင့် တိုက်ခိုက်မှုတွေ ကျယ်ပြန့်လာပြီး နိုင်ငံရဲ့အုပ်ချုပ်ရေးယန္တရား၊ တရားဥပဒေစိုးမိုးရေးနဲ့ အစိုးရရဲ့လုပ်ငန်းတွေကို အားနည်းယိုယွင်းစေလျက်ရှိပါတယ်။

လတ်တလောမှာ နယ်မြေဒေသမတည်ငြိမ်မှုတွေက စီးပွားရေးကျပ်တည်းမှု၊ ကုန်ဈေးနှုန်းမြင့်တက်မှုတွေဖြစ်လာပြီး လက်လုပ်လက်စားတွေနဲ့ ပုံမှန်ဝင်ငွေသာရှိတဲ့သူတွေအတွက် ကြီးမားတဲ့ အကျပ်အတည်းတွေနဲ့ ရုန်းကန်နေကြရပါတယ်။ နေ့စဉ်ဘဝရှင်သန်ရပ်တည်ဖို့ ကျပ်တည်းလာတဲ့အတွက် ဥပဒေချိုးဖောက်တာတွေ၊ လူမှုကျင့်ဝတ်ပျက်စီးတာတွေဖြစ်စေပါတယ်။ အဲဒါတွေနဲ့ဆက်စပ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေကိုပါ ထိခိုက်စေပါတယ်။ ရေရှည်ထိခိုက်စေတာက လူတစ်ဦးချင်းရဲ့ရုပ်ပိုင်း၊ စိတ်ပိုင်း ထိခိုက်စေခြင်းနဲ့

*စာမျက်နှာ ၁၇ သို့*

# ကချင်ပြည်နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဆောင်ရွက်မည်

**မြစ်ကြီးနား ဇန်နဝါရီ ၂၁**

ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ပြည်နယ်ကုသရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၂၀၀၀၀ နီးပါးရှိနေပြီး ၎င်းတို့၏ဘဝတစ်လျှောက်လုံး နိုင်ငံအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး လုပ်ငန်းအစီအစဉ်များကို စနစ်တကျ စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအပြင် လိုအပ်သည့် အစားအသောက်နှင့် ကူညီထောက်ပံ့မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းတည်ရှိမှု အရေအတွက်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ရေး စသည့်လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ ပြည်နယ်ကုသရေးဦးစီးဌာနပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီများဖွဲ့စည်းနိုင်ရေး၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး၊ လစဉ်ဆေးဝါးကုသမှုလုပ်ငန်းများ ဝန်ဆောင်မှုပေးနိုင်ရေး စုဖွဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် အထောက်အကူပြုအဖွဲ့များဖြင့် စုဖွဲ့ကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာများ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့သည်။

အဆိုပါ တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံ၏ ပံ့ပိုးလည်ပတ်မှုများ အခက်အခဲမဖြစ်ပေါ်စေရန် စနစ်တကျစီမံဆောင်ရွက်သွားရေး၊ ကူညီထောက်ပံ့မှုများအတွက် ရန်ပုံငွေလိုအပ်ချက်ကို အများပါဝင်လှူဒါန်းနိုင်ရေး စသည်တို့ကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

မျိုးဆက်သစ်တွေရဲ့ အနာဂတ်တွေကို ထိခိုက်ပျက်စီးစေခြင်းဖြစ်ပါတယ်။ ပျက်စီးသွားတဲ့ ရုပ်ပိုင်းဆိုင်ရာတွေက ပြန်လည်တည်ဆောက်ဖို့ လွယ်ကူပေမယ့် စိတ်ပိုင်းဆိုင်ရာပျက်စီးမှုတွေဟာ အချိန်များစွာ ပြန်လည်တည်ဆောက်ယူရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးတွေဟာ အချင်းချင်းဖြစ်တဲ့ သဘောထားကွဲလွဲမှုတွေဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး အချင်းချင်း ကာလရှည်ကြာစိတ်ဝမ်းကွဲတဲ့အတွက် အမျိုးသားရင်ကြားစေ့ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးဟာ အခက်အခဲတွေရှိနေဆဲပါ။ ဒါကြောင့် နိုင်ငံတည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်ကိုပြပါဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပဲ ညွှန်ပြရမှာဖြစ်ပါတယ်။ မတူကွဲပြားမှုတွေများပြားတဲ့ မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ဖို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဟာ မရှိမဖြစ်လိုအပ်ပါတယ်။

နိုင်ငံရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကိုကာကွယ်ဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု လိုအပ်ပါတယ်။ နိုင်ငံ့အင်အားဆိုတာ အခြားနေရာမှာမရှိပါဘူး။ နိုင်ငံတွင်းမှာပဲ ရှိပါတယ်။ မြန်မာ့သမိုင်းမှာ နိုင်ငံ့အင်အားလျော့နည်းခဲ့တဲ့အတွက် သူတစ်ပါးရဲ့သိမ်းပိုက်မှုကို ခံခဲ့ရပြီးပါပြီ။ အဲဒီအတိတ်သမိုင်းဟာ ကြီးမားတဲ့သင်ခန်းစာဖြစ်ပါတယ်။

**မတူကွဲပြားမှုတွေနဲ့ နိုင်ငံ့အင်အားကို တည်ဆောက်နိုင်**

တိုင်းရင်းသားလူမျိုးများစွာ စုစည်းနေထိုင်ကြတဲ့နိုင်ငံမှာ နိုင်ငံ့အင်အားတည်ဆောက်ဖို့ဆိုတာ အခြားနိုင်ငံတွေထက် ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် မြန်မာနိုင်ငံလို တိုင်းရင်းသားလူမျိုးများပြားပြီး ကြီးမားတဲ့နိုင်ငံတွေမှာတောင် မတူကွဲပြားမှုတွေနဲ့ နိုင်ငံ့အင်အားကို တည်ဆောက်နိုင်ကြပါတယ်။ နိုင်ငံ့အင်အားတွေဆိုတာ အလိုလိုဖြစ်လာတဲ့အရာတွေ မဟုတ်ပါဘူး။ တောင်းဆိုနေရုံ၊ တိုက်တွန်းနေရုံနဲ့လည်း မရပါဘူး။ အားလုံးက စိတ်တူကိုယ်တူနဲ့ လက်တွေ့တည်ဆောက်ယူကြရတာပါ။ အဲဒီလိုတည်ဆောက်ဖို့ဆိုတာကလည်း အပြောလွယ်သလောက် လက်တွေ့မှာ နက်နဲ ရှုပ်ထွေးမှုတွေ များပြားပါတယ်။ ထိရောက်တဲ့ရလဒ်ရရှိဖို့အတွက် ကြိုးစားအားထုတ်မှု၊ ပေးဆပ်မှု၊ အရည်အချင်း၊ ခေါင်းဆောင်နိုင်မှု၊ စိတ်ရှည်သည်းခံမှု၊ စိတ်ရင်းစေတနာတွေ လိုအပ်ပါတယ်။

> **“ပြဿနာတွေဟာ ကွင်းဆက်ပမာ ဆက်နွှယ်နေတဲ့အတွက် ဟန်ချက်ညီညီဖြေရှင်းဖို့လိုပါတယ်။ ပဋိပက္ခတွေ မပြေလည်ဘဲနဲ့ အမျိုးသားရင်ကြားစေ့ရေး မတည်ဆောက်နိုင်သလို အမျိုးသားရင်ကြားစေ့ရေး မရှိဘဲနဲ့ ငြိမ်းချမ်းရေးရဖို့ ခက်ခဲပါတယ်။ ငြိမ်းချမ်းမှု မရှိဘဲနဲ့ နိုင်ငံတည်ဆောက်ဖို့ဆိုတာ မလွယ်ကူပါဘူး။ နိုင်ငံရေးမကျေလည်မှုတွေနဲ့ပတ်သက်လို့ ယခင်ကလည်း တွေ့ကြုံခဲ့ရပြီးပါပြီ”**

မြန်မာနိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လွတ်လပ်ရေးမရခင်ကတည်းက ကြိုးပမ်းခဲ့ကြပါတယ်။ လွတ်လပ်ရေးရယူဖို့အတွက် ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ကြပေမယ့် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ ဝါးအစည်းပြေသလို ပြေသွားခဲ့ပါတယ်။ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးနဲ့ပတ်သက်လို့ ဖြစ်လာတဲ့နိုင်ငံရေးဝိဝါဒတွေဟာ လက်နက်ကိုင်တိုက်ခိုက်မှုတွေကို မီးမွှေးပေးလိုက်သလိုပါပဲ။

တဖြည်းဖြည်း နှစ်ကာလကြာရှည်လာတဲ့ တိုင်းရင်းသားပဋိပက္ခတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းအားတွေကို လျော့နည်းစေခဲ့ပါတယ်။ ပြည်တွင်းအားတွေ လျော့နည်းလာခြင်းဟာ ကိုယ်ခံအားလျော့ကျလာတဲ့ လူတစ်ယောက်လိုပါပဲ။ ကိုယ်ခံအားလျော့ကျလာတာနဲ့ အခြားရောဂါမျိုးစုံဝင်လာမှာပါ။ အခြားရောဂါတွေ ဝင်မလာဖို့ဆိုရင် ကိုယ်တိုင်က ကိုယ်ခံအားကောင်းနေဖို့ ကြိုးစားတည်ဆောက်ရမှာဖြစ်ပါတယ်။

ပြည်တွင်းအားတွေ တည်ဆောက်ဖို့အတွက် ဦးစွာပြည်တွင်းအားကို လျော့ကျစေတဲ့ ပဋိပက္ခတွေကို ငြိမ်းချမ်းစွာဖြေရှင်းဖို့နဲ့ လျှော့ချဖို့လိုပါတယ်။ ပဋိပက္ခတစ်ရပ်ကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းဆိုတာ အကြမ်းမဖက်ဘဲ အပြုသဘောဆောင်တဲ့ နည်းလမ်းတွေနဲ့ အငြင်းပွားမှု ဒါမှမဟုတ် သဘောထားကွဲလွဲမှုတွေကို ဖြေရှင်းခြင်းနဲ့ ဖြေရှင်းတဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒီတော့ အချင်းချင်းသဘောကွဲလွဲတာတွေ ပြေလည်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ နိုင်ငံတည်ဆောက်ရေးတို့အတွက် ငြိမ်းချမ်းစွာဖြေရှင်းတဲ့နည်းလမ်းနဲ့ လုပ်ငန်းစဉ်တွေဟာ အဓိကလိုအပ်ချက်အဖြစ် တွေ့ရပါတယ်။

ဖြေရှင်းရာမှာလည်း ပြဿနာတွေဟာ ကွင်းဆက်ပမာ ဆက်နွှယ်နေတဲ့အတွက် ဟန်ချက်ညီညီဖြေရှင်းဖို့လိုပါတယ်။ ပဋိပက္ခတွေ မပြေလည်ဘဲနဲ့ အမျိုးသားရင်ကြားစေ့ရေး မတည်ဆောက်နိုင်သလို အမျိုးသားရင်ကြားစေ့ရေးမရှိဘဲနဲ့ ငြိမ်းချမ်းရေးရဖို့ ခက်ခဲပါတယ်။ ငြိမ်းချမ်းမှုမရှိဘဲနဲ့ နိုင်ငံတည်ဆောက်ဖို့ဆိုတာ မလွယ်ကူပါဘူး။ နိုင်ငံရေးမကျေလည်မှုတွေနဲ့ပတ်သက်လို့ ယခင်ကလည်း တွေ့ကြုံခဲ့ရပြီးပါပြီ။ အဲဒီသဘောကွဲလွဲတာတွေကို ခေတ်အဆက်ဆက် ဖြေရှင်းခဲ့ကြပေမယ့် ပြဿနာတွေရဲ့အခြေခံဇာစ်မြစ်ကို ထိရောက်စွာ မဖြေရှင်းနိုင်သေးပါဘူး။ ပြဿနာရဲ့အကိုင်းအခက်ဖြစ်တဲ့ လက်နက်ကိုင် တိုက်ခိုက်မှုတွေကိုသာ ဖြေရှင်းနေတုန်းပါ။

**ပဋိပက္ခတွေကို ပိုပြီးကြာရှည်စေခဲ့**

အဲဒီတော့ ပြဿနာရဲ့မူလအရင်းခံအကြောင်းတရားတွေကို ဖြေရှင်းဖို့အတွက် သက်ဆိုင်သူတွေအားလုံး ညှိနှိုင်းဆွေးနွေးကြဖို့လိုပါတယ်။ မြန်မာနိုင်ငံရဲ့ပဋိပက္ခတွေကို အမာနည်းနဲ့ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခဲ့ကြလို့ ရှိပြီးသားပြဿနာတွေ မပြေလည်တဲ့အပြင် ပြဿနာအသစ်တွေနဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ငြိမ်းချမ်းစွာနဲ့ မျှတစွာ မဖြေရှင်းနိုင်ခြင်းက ပဋိပက္ခတွေကို ပိုပြီးကြာရှည်စေခဲ့ပါတယ်။

နောက်ပြီး ပြဿနာတစ်ရပ်ဖြေရှင်းရာမှာ ကိုယ်ဖြစ်ချင်တာတစ်ခုတည်းကိုပဲ ဇွတ်မိုတ်ရပ်တည်နေခြင်းကလည်း အပြုသဘောရလဒ်တွေနဲ့ ဝေးကွာစေခဲ့ပါတယ်။ ဒီတော့ သူ့ဘက်ကိုယ့်ဘက် ပြည်သူလူထုဘက်ဆိုတဲ့ သုံးဖက်မြင်ကြည့်ဖို့လိုပါတယ်။ ပဋိပက္ခတွေရဲ့ ကျယ်ပြန့်မှု၊ နက်ရှိုင်းမှုနဲ့ ရှုမြင်မှုတွေဟာ ပါဝင်ပတ်သက်သူတွေ အပေါ်မူတည်နေတဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် မှန်ကန်တဲ့စေတနာနဲ့ ရိုးသားမှုရှိမှ ယုံကြည်မှုရရှိပြီး ငြိမ်းချမ်းစွာဖြေရှင်းရေးကို ထိရောက်စေပါလိမ့်မယ်။ ဒ့ါအပြင် တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် နားလည်မှု၊ ပူးပေါင်းလုပ်ဆောင်မှု၊ အပြုသဘောဆက်ဆံရေးတွေ တည်ဆောက်နိုင်ပြီး ရေရှည်ငြိမ်းချမ်းရေးအတွက် ဝန်းကျင်ကောင်းတွေ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ။



## အင်းစိန်မြို့နယ် အထက(၁)၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်နှင့် မိဘဆရာအသင်းနာယက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂)ဦးဘိုကြည်တို့က အမှာစကား ပြောကြားပြီးနောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တိုင်း၊ ခရိုင်၊ မြို့နယ် ကျောင်းအဆင့်များ၌ လူရည်ချွန်ဆုနှင့် ဉာဏစွမ်းရည် ဆု ၈၄ ဆုနှင့် အားကစားဆု ၉၂ ဆု ရရှိသည့် ထူးချွန်ကျောင်းသား ကျောင်းသူများ၊ တေးသရုပ်ဖော်သီချင်း၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့။

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း (၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄)ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (၃၄) ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာ အထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။



**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသော ဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာ အောင်မြင်သူများသည် အစိုးရ နည်းပညာကောလိပ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ ဒုတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agri-culture) (၃)နှစ်သင်တန်းနှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma - Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma - Farm Machinery) သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ် ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

**(၄) မွေးမြူရေး အတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ (၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့(Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့(Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ(Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ(Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ(Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး**
**အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂) ကော့သောင်း |
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက-ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက-သဲကုန်း |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက- ဝွေးချို |
| ၆ | မန္တလေး | ၆ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက-၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက-ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက- သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက (ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက (တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |

လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
အလင်းရောင်အားနည်းလာသည့်အချိန်တွင် လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး
အလင်းရောင်ပေါ်ထွက်လာပါက အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။

## ကန့်ဘလူမြို့နယ်အတွင်း မိုးစပါး ဧက ၁၅၁၁၁၀ ရိတ်သိမ်းပြီးစီး စပါးတင်းပေါင်း ၁၀၆ သိန်းနီးပါးထွက်ရှိ

**ကန့်ဘလူ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးစိုက်ပျိုးမှုတိုးတက်စေရေးနှင့် စားရေရိက္ခာဖူလုံစေရေးတို့အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ၂၀၂၃- ၂၀၂၄ ခုနှစ်တွင် မိုးစပါးဧက ၁၅၁၁၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တင်းပေါင်း ၁၀၅၉၉၉၆၉ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စပါးထုတ်လုပ်မှု တိုးတက်လာခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ရာသီဥတုရေမြေဒေသနှင့်ကိုက်ညီသော အရည်အသွေးကောင်း၊ အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရန် ဆက်စပ်ဌာနများ၊ စိုက်ပျိုးရေးပညာရှင်များက ဒေသခံတောင်သူလယ်သမားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း မိုးစပါးများကို ယမန်နှစ် ဇွန်၊ ဇူလိုင်လမှ စက်တင်ဘာ၊ အောက်တိုဘာလအထိ ဧက ၁၅၁၁၁၀ စိုက်ပျိုးနိုင်ခဲ့ကာ ယခုအခါ ရာနှုန်းပြည့် ပြန်လည်ရိတ်သိမ်းပြီးစီး၍ တစ်ဧကပျမ်းမျှ ၇၀ ဒသမ ၁၅ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးဇော်ထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန် - ဖြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံ - တင်စိုး
သတင်းထောက်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၈၅ ကျပ် | ၂၆၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၂၀ ကျပ် | ၂၇၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၀၀၄ | ၈၈၃၅၂၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၇၅၁၂ | ၂၁၇၈၄၈၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၄ | ၃၁၆၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၀၃၇ | ၃၁၅၉၃၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅၀၁ | ၁၂၅၂၅၀၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၇၁၀ | ၁၃၈၅၀၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁ | ၄၇၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၃၁၅ | ၅၅၁၂၅၀ |

ညီညီ - စုစည်းသည်

## လေးရက်တိုင် ကျင်းပမည့်တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ (၁၁၈)နှစ်ပြည့် ပွဲတော်တွင် လာရောက်သူ ပိုမိုများပြားစေရန် လူငယ်အကြိုက် အစီအစဉ်များကို ပိုမိုထည့်သွင်းထား



**ရန်ကုန် ဇန်နဝါရီ ၂၁**

အရှေ့တောင် အာရှတွင် သက်တမ်း အရှည်ဆုံးဖြစ်သည့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ (၁၁၈)နှစ်ပြည့် အထိမ်းအမှတ် ပွဲတော်တွင် လာရောက်သူ ပိုမိုများပြားစေရန်အတွက် လူငယ်များ ကြိုက်နှစ်သက်သည့် အစီအစဉ်များကို ပိုမိုထည့်သွင်းထားကြောင်း တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)မှ သိရသည်။

ဇန်နဝါရီ ၂၅ ရက်တွင် ကျရောက်မည့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၏ (၁၁၈) နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကို အဆိုပါ ဥယျာဉ်အတွင်း ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်တိုင်တိုင် နံနက်ပိုင်း ၈ နာရီမှ ညနေ ၅ နာရီအထိ ပျော်ရွှင်စရာအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ပွဲတော်တွင် တေးဂီတပိုင်းနှင့် အကဖျော်ဖြေမှုများ၊ မျက်လှည့် အစီအစဉ်၊ တိရစ္ဆာန်လိမ္မာများ၏ အထူးအစီအစဉ်များ၊ ကလေးများ အကြိုက် ဂိမ်းအစီအစဉ်များ၊ လက်ဆောင်များ ရယူနိုင်မည့် အမေးအဖြေ ကဏ္ဍများအပြင် ဈေးရောင်းပွဲများလည်း ပါဝင်မည်ဖြစ်သည်။

အထက်ပါ ပွဲတော်တွင် ကလေးဘဝလွမ်းမောစရာ အမှတ်တရများ ပြန်လည်ခံစားရင်း မိသားစု၊ သူငယ်ချင်း အပေါင်းအသင်းများနှင့် ပျော်ရွှင်စရာ အခိုက်အတန့်များဖန်တီးနိုင်ရေး လာရောက် လည်ပတ်ကြရန် ဖိတ်ခေါ်ထားသည်။ ယခုနှစ်ပွဲတော်တွင် ယခင်နှစ်ထက် လာရောက်သူ ပိုမိုများပြားမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**MT**

## ဆားလင်းကြီးမြို့နယ် ကျွဲခိုတောကျေးရွာကို တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှု အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ပြည်သူသုံးဦးသေဆုံးခဲ့ပြီး ပြည်သူအချို့ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဆားလင်းကြီးမြို့နယ် ကျွဲခိုတောကျေးရွာအား ဇန်နဝါရီ ၂၀ ရက်က တပ်မတော်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူအချို့ သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများလည်းရှိကြောင်း တရားမဝင် ပြည်ဖျက် မီဒီယာဖြစ်သည့် Khit Thit က သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဆားလင်းကြီးမြို့နယ် ကျေးရွာအချို့တွင် PDF အမည်ခံအကြမ်းဖက်သမားများမှ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်၍ ငွေနှင့် ပစ္စည်းများ လုယက်ယူဆောင်ခြင်းများ အပါအဝင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံများမှ သတင်းပေးပို့လာသည့်အတွက် မြို့၊ ရွာများ တည်ငြိမ်အေးချမ်းစေရေးအတွက် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို လုံခြုံရေးအဖွဲ့များမှ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကာ ဇန်နဝါရီ ၂၀ ရက်တွင် ၎င်းကျေးရွာဝန်းကျင်၌ ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ဂန့်ဂေါမြို့နှင့် ဖြူးမြို့နယ်တို့တွင် လက်နက်ကြီးနှင့် ပစ်ခတ်မှုကြောင့် ပြည်သူအချို့ သေဆုံးဒဏ်ရာရှိခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာဖြစ်သည့် Khit Thit က သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေခဲ့ကြောင်း တွေ့ရှိရပြီး လုပ်ကြံဖန်တီးရေးသားသည့် သတင်းအမှားသာ ဖြစ်ကြောင်း သိရသည်။





PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ပျက်စီးစေရန် အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်လုပ်ဆောင်၍ ပြည်သူများအပေါ် အကြောက်တရား နည်းဖြင့် အကြမ်းဖက် လုပ်ရပ်များကို ထောက်ခံစေရန် သိမ်းသွင်းလုပ်ဆောင်လျက် ရှိကြောင်းနှင့် ဒေသခံပြည်သူများမှ အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများကို အသုံးပြု၍ လူမှုကွန်ရက် စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့တွင် စစ်သင်တန်းတက်ခိုင်းနေသဖြင့် ရာအိမ်မှူးအချို့ နုတ်ထွက်စာတင်နေကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ရာအိမ်မှူးအချို့ စစ်သင်တန်း တက်ခိုင်းသဖြင့် နုတ်ထွက်စာတင်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။



အဆိုပါ အကြောင်းအရာနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ရာအိမ်မှူးများအား စစ်သင်တန်းပေးသည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် ရာအိမ်မှူးအချို့ နုတ်ထွက်စာတင်ပြထားသည်ဆိုသည်မှာလည်း မှန်ကန်မှု မရှိကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မြို့ရွာများ တည်ငြိမ်အေးချမ်းလျက်ရှိမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု လူမှုစီးပွားဘဝပျက်စီးစေရန်နှင့် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများမှ လူမှုကွန်ရက် စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၅) အပြီးတွင် TG United အသင်းနှင့် Black Cross အသင်း ဇယားထိပ်ဆုံးတွင် အပြိုင်ဖြစ်နေ

**ရန်ကုန် ဇန်နဝါရီ ၂၁**

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၅) ကို ဇန်နဝါရီ ၂၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ TG United အသင်းနှင့် Black Cross အသင်း ဇယားထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည်။

ပွဲစဉ် (၄) အပြီးတွင် ကိုးမှတ်ရရှိပြီး ဇယားထိပ်ပိုင်း၌ အပြိုင်ဖြစ်နေသည့် အသင်းများအနက် ရွှေပြည်သာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ပြီး TG United အသင်းနှင့် Black Cross အသင်းတို့သာ နိုင်ပွဲဆက်ခဲ့ပြီး ရမှတ် ၁၂ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည်။ YRG အသင်းမှာလည်း နိုင်ပွဲရယူကာ တတိယနေရာအထိ တက်လှမ်းခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့သည့် ရွှေပြည်သာအသင်းမှာမူ ထိပ်ဆုံးသုံးသင်းစာရင်းမှ ဖယ်ပေးခဲ့ရသည်။ ပွဲစဉ် (၅) တွင် SGF အသင်းက Maryar အသင်းကို ငါးဂိုး-လေးဂိုး၊ Sun Far အသင်းက ရွှေပြည်သာအသင်းကို ငါးဂိုး-သုံးဂိုး၊ YRG အသင်းက M-Million အသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ Black Cross အသင်းက Golden Yoma အသင်းကို သုံးဂိုး-နှစ်ဂိုး၊ TG United အသင်းက Seven အသင်းကို ၁၀ ဂိုး-ဂိုး မရှိ၊ KKY အသင်းက Noka အသင်းကို ခုနစ်ဂိုး - သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

**ရဲရင့်လွင်**

## အာရှဖလားပြိုင်ပွဲ အုပ်စု (က) မှ နောက်ဆုံးအဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားမည်

ဇန်နဝါရီ ၂၂ ရက် **(ယနေ့တွင်)** အာရှဖလားပြိုင်ပွဲ အုပ်စု (က) မှ နောက်ဆုံးအဆင့် ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင် ကစားသွားမှာ ဖြစ်ပါတယ်။ အုပ်စု (က) မှာ ကာတာ၊ တရုတ်၊ တာဂျစ်ကစ္စတန်၊ လက်ဘနွန်အသင်းတို့ တစ်အုပ်စုတည်းကျရောက်လျက်ရှိပါတယ်။

ပွဲစဉ် (၂) အပြီးမှာ အဆိုပါ အုပ်စုကို ကာတာအသင်းက ရမှတ်ခြောက်မှတ်နဲ့ ဦးဆောင်ထားပြီး ယခု ပွဲစဉ်မတိုင်မီ နောက်တစ်ဆင့်ကို တက်လှမ်းထားပြီး ဖြစ်တယ်။ တရုတ်၊ တာဂျစ်ကစ္စတန်၊ လက်ဘနွန် အသင်းတို့မှာလည်း ရမှတ်ကွာဟမှု ပြတ်ပြတ်သားသား မရှိတဲ့အတွက် အုပ်စုနောက်ဆုံးပွဲစဉ်မှာ ရလဒ်ကောင်းရရှိတဲ့ အသင်းအနေနဲ့ နောက်တစ်ဆင့် တက်လှမ်းနိုင်ဖွယ် ရှိတယ်။ အုပ်စုနောက်ဆုံးပွဲစဉ်မှာ ကာတာက တရုတ်၊ တာဂျစ်ကစ္စတန်က လက်ဘနွန် အသင်းတို့ တွေ့ဆုံနေပါတယ်။

ကာတာနှင့် တရုတ်ပွဲစဉ်ကို ဇန်နဝါရီ ၂၂ ရက် ည ၉ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ယခု ပွဲစဉ်မတိုင်မီ ကစားခဲ့တဲ့ တာဂျစ်ကစ္စတန်၊ လက်ဘနွန် အသင်းတို့ပွဲစဉ်မှာ တရုတ်အသင်း ပုံစံကောင်းတချို့ ပြသထားနိုင်ပေမယ့် ပြိုင်ဘက်အသင်းတွေရဲ့ တံ့ပြန်ကစားပုံနဲ့ ဟန့်တားရင်း ထုတ်ပုံ ကောင်းမွန်မှုတို့ကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရပြီး နှစ်ပွဲစလုံး ဂိုးမရှိ သရေကျနဲ့ အဆုံးသတ်ခဲ့တယ်။

အိမ်ရှင် ကာတာအသင်းက နှစ်ပွဲစလုံး ခြေစွမ်းအသာနဲ့ ကစားထားနိုင်ပြီး နှစ်ပွဲစလုံး အနိုင်ရရှိထားတယ်။ တရုတ်အသင်းထက် ကာတာအသင်းရဲ့ ခြေစွမ်း ပိုထက်မြက်မှုရှိတယ်။

မဖြစ်မနေ နိုင်ပွဲရဖို့ ကြိုးစားလာမယ့် တရုတ်အသင်းအနေနဲ့ နောက်တစ်ဆင့် တက်လှမ်းထားပြီးဖြစ်တဲ့ ကာတာအသင်းကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားရဖွယ် ရှိတယ်။

တာဂျစ်ကစ္စတန်နဲ့ လက်ဘနွန် အသင်း ပွဲစဉ်ကိုလည်း ဇန်နဝါရီ ၂၂ ရက် ည ၉ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းထဲက အနိုင်ရရှိတဲ့အသင်း နောက်တစ်ဆင့် တက်လှမ်းနိုင်ခြေရှိတဲ့အတွက် နှစ်သင်း စလုံး ခြေကုန်ထုတ်လာမှာ ဖြစ်တဲ့အတွက် ယခင်ပွဲစဉ်တွေကထက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ လတ်တလော ခြေစွမ်းအရ လက်ဘနွန်အသင်းထက် တာဂျစ်ကစ္စတန်အသင်းက ခြေစွမ်း သာလွန်မှုရှိတယ်။ အကြိတ်အနယ်ကစားပြီး တာဂျစ်ကစ္စတန်အသင်း အနိုင်ရဖွယ်ရှိတယ်။

**အောင်ဇော်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ ကျောက်မဲမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ဖောင်ရှာ ရပ်ကွက်၊ ဝိုင်းမြေပေ(၅၀x၈၈) ပိုင်ဆိုင်သူ ဒေါ်တူးတူးမာသည် ၎င်းမြေပေါ်တွင် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်တူးတူးမာ**

**၉/ကဆန(နိုင်)၁၀၇၆၈၅**

**ဖုန်း-၀၉-၇၉၇၅၈၃၁၅၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၇)၊ ဦးပိုင်အမှတ်၁-က (ခဲစင်း)၊ ၄၇x၄၈ လမ်းကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်) ၀၂၃၀၃၉ ၏ (SP ရရှိသူ ဦးအောင်ကျော်စိုး) က အမှုတွဲ အမှတ် ဖ၆၄၃/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## AUNG SAN NATIONAL GREEN PARK COMPANY LIMITED

### ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန်အကြောင်းကြားစာ ကြေညာချက် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ(၂၀၁)၊ နည်းဥပဒေ(၈၇)ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

| | |
|---|---|
| ကုမ္ပဏီအမည် | AUNG SAN NATIONAL GREEN PARK COMPANY LIMTED |
| ကုမ္ပဏီ၏ ကုန်သွယ်မှုအမည် | AUNG SAN NATIONAL GREEN PARK COMPANY LIMTED |
| ကုမ္ပဏီ မှတ်ပုံတင် အမှတ် | 120458701 |
| ကုမ္ပဏီ မှတ်ပုံတင်လိပ်စာ | Shwe Hinthar Street, No.51, Room No.802, Shwe Hinthar tower(A), (11) Ward, Hlaing Township, Yangon, Myanmar. |
| ကုမ္ပဏီအီးမေးလ် | isogai_kiyoshi@raysum.co.jp |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအမည် | U MYINT THU(MAIP00195) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ရုံးခန်းလိပ်စာ | No 149,4th floor, 38 street( Between Maha Bandula Road and Anawrahta Road), Kyauktada Township, Yangon, Myanmar. |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏အီးမေးလ် | myintthu1976@gmail.com |
| ကြွေးမြီတောင်းခံရမည့် နောက်ဆုံးရက် | 31-Mar-2024 |

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ကျင်းပသော အစုရှယ်ယာရှင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ "AUNG SAN NATIONAL GREEN PARK COMPANY LIMITED" အား၂၀၂၄ခုနှစ် ဇန်နဝါရီလ (၁၉) ရက်မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး၊ ဦးမြင့်သူMAIP(00195)အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေခွဲ ၈၇(က)အရ ထုတ်ဆင့်သည့်အကြောင်းကြားစာမိတ္တူကို ၎င်းသိရှိသမျှသော ကုမ္ပဏီ၏မြီရှင်တစ်ဦးချင်းစီထံပေးပို့ပြီးဖြစ်ပြီး ကျန်ရှိသော ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို အထက်ဖော်ပြပါ ကြွေးမြီတောင်းခံရမည့် နောက်ဆုံးရက်မတိုင်မီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(၁)၏ ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏အီးမေးလ်သို့" ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန်" ကြေညာအပ်ပါသည်။

နည်းဥပဒေခွဲ ၈၇(င)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားစာ ထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို ကုမ္ပဏီ၏ မြီရှင်တစ်ဦးဦးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းသည်အောက်ဖော်ပြပါအခွင့်အရေးများကို ရယူခံစားပိုင်ခွင့်မရှိစေရ-

(၁) ၎င်း၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို တင်သွင်းခြင်းမပြုမီက ပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်၊

**ဦးမြင့်သူ (စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ)**

**MAIP(00195)**

## RAYSUM COMPANY LIMITED(MYANMAR BRANCH)

### ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် အကြောင်းကြားစာ ကြေညာချက် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ(၂၀၁)၊ နည်းဥပဒေ(၈၇) မြန်မာပြည်ရုံးခွဲအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

| | |
|---|---|
| ကုမ္ပဏီအမည် | RAYSUM COMPANY LIMITED(MYANMAR BRANCH) |
| ကုမ္ပဏီ၏ ကုန်သွယ်မှုအမည် | RAYSUM COMPANY LIMITED(MYANMAR BRANCH) |
| ကုမ္ပဏီ မှတ်ပုံတင် အမှတ် | 116607735 |
| ကုမ္ပဏီ မှတ်ပုံတင်လိပ်စာ | Shwe Hinthar Street, No.51,Room No.802, Shwe Hinthar tower(A), (11) Ward, Hlaing Township, Yangon, Myanmar. |
| ကုမ္ပဏီအီးမေးလ် | isogai_kiyoshi@raysum.co.jp |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအမည် | U MYINT THU(MAIP00195) |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ရုံးခန်းလိပ်စာ : | No 149,4th floor, 38 street( Between Maha Bandula Road and Anawrahta Road), Kyauktada Township, Yangon, Myanmar, |
| တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏အီးမေးလ် | myintthu1976@gmail.com |
| ကြွေးမြီတောင်းခံရမည့် နောက်ဆုံးရက် | 31-Mar-2024 |

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ကျင်းပသောဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ အထူးအစည်းဝေး ဆုံးဖြတ်ချက်အရ "RAYSUM COMPANY LIMITED(MYANMAR BRANCH)"အား ၂၀၂၄ခုနှစ် ဇန်နဝါရီလ (၁၉) ရက်မှစ၍ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး၊ ဦးမြင့်သူ MAIP(00195) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေခွဲ ၈၇(က)အရ ထုတ်ဆင့်သည့်အကြောင်းကြားစာ မိတ္တူကို ၎င်းသိရှိသမျှသော ကုမ္ပဏီ၏မြီရှင်တစ်ဦးချင်းစီထံပေးပို့ပြီးဖြစ်ပြီး ကျန်ရှိသော ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို အထက်ဖော်ပြပါ ကြွေးမြီတောင်းခံရမည့် နောက်ဆုံးရက်မတိုင်မီ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏အီးမေးလ်သို့ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များကို သက်သေထင်ရှားတင်ပြရန် ကြေညာအပ်ပါသည်။

နည်းဥပဒေခွဲ ၈၇(င)အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ အကြောင်းကြားစာ ထုတ်ဆင့်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်အတွက် သက်သေခံအထောက်အထားကို တင်ပြရန် တောင်းဆိုခြင်းကို မြန်မာပြည်ရုံးခွဲ၏ မြီရှင်တစ်ဦးဦးမှ လိုက်နာရန် ပျက်ကွက်ပါက ၎င်းသည် အောက်ဖော်ပြပါအခွင့်အရေးများကို ရယူခံစားပိုင်ခွင့် မရှိစေရ-

(၁) ၎င်း၏ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို တင်သွင်းခြင်းမပြုမီက ပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်၊

**ဦးမြင့်သူ (စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ)**

**MAIP(00195)**

**RAYSUM COMPANY LIMITED(MYANMAR BRANCH) (ဖျက်သိမ်းဆဲ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/8467 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်၁-ခ(ခဲစင်း)၊ ၄၇x၄၈လမ်း၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ (SP ရရှိသူ ဦးအောင်ကျော်စိုး) က အမှုတွဲအမှတ် ဖ၆၄၇/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၃)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးထွန်းထွန်းစိုး ၉/မမန(နိုင်)၀၇၆၅၇၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6A/3517 TOYOTA DYNA BU60 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၅/စကန(နိုင်)၀၈၈၂၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်၁-က(ခဲစင်း)၊ ၄၇x၄၈လမ်း၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ (SP ရရှိသူ ဦးအောင်ကျော်စိုး) က အမှုတွဲအမှတ် ဖ၆၄၂/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်၁-ခ(ခဲစင်း)၊ ၄၇x၄၈လမ်း၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ (SP ရရှိသူ ဦးအောင်ကျော်စိုး) က အမှုတွဲအမှတ် ဖ၆၄၆/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၆၄)၊ ဦးပိုင်အမှတ်(၅၃)၊ ၅၁x၅၂လမ်း၊ ပန်းပဲမင်းကြီး xရေဆိုးပစ်မြောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်း၏ (GP ရရှိသူ ဒေါ်လှလှရွှေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၈၄/၂၀၂၂) ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်နိုင်လင်း ၉/မနတ(နိုင်)၁၀၅၀၅၃ က အမှုတွဲအမှတ် ဖ၆၂၂/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/98385 Yamaha wri 250 M/C ယာဉ်လက်ဝယ်ရှိသူ Myanmar Laiclo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

